မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၅၉) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၉)ကြိမ်မြောက် တိပိဋကရွေးချယ်ရေးစာမေးပွဲတွင် ပိဋကသုံးပုံ အာဂုံအောင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ တစ်ပါး၊ အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း ရေးဖြေအောင် မူလအဘိဓမ္မ ကောဝိဒတစ်ပါး၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယ် သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃနိကာယ် သုံးကျမ်း အာဂုံအောင် ဒီဃဘာဏကလေးပါး၊ ဝိနည်းနောက်ပိုင်းသုံးကျမ်း ရေးဖြေအောင် ဝိနယကောဝိဒလေးပါး၊ ဝိနည်းနောက်ပိုင်း သုံးကျမ်း အာဂုံအောင် ဝိနယဓရ၁၁ပါး၊ ဝိနည်းရှေ့ပိုင်း နှစ်ကျမ်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါးနှင့် ဝိနည်းရှေ့ပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတော ဝိဘင်္ဂဓရ အပါး၄၀ စုစုပေါင်း ၇၃ ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပိဋကသုံးပုံ အာဂုံအောင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသထံ ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၂၇ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းမှုကို ထင်ဟပ်ဖော်ပြနေသည့် လေဆိပ်အဆောက်အအုံသစ်ကြီး

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီး၌ နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံသစ်ကြီးကို မေ ၂၅ ရက်က ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

ယင်းအဆောက်အအုံအတွင်း ဓာတ်လှေကားငါးစင်း၊ ရွေ့လျားစက်လှေကားသုံးစင်းနှင့် ရိုးရိုးလှေကားလေးစင်းတို့ကို ထည့်သွင်းထားရှိသည်။ လူဝင်မှုစစ်ဆေးရေးကောင်တာ ၁၂ ခု၊ အကောက်ခွန်စစ်ဆေးရေး ကောင်တာလေးခု၊ ထွက်ခွာစစ်ဆေးမှုကောင်တာ ၃၀၊ လေယာဉ်ကူးပြောင်းစစ်ဆေးမှု ကောင်တာနှစ်ခုနှင့် ငွေကြေးလဲလှယ်မှုစစ်ဆေးရေး ကောင်တာငါးခုတို့ကို ဖွဲ့စည်း တည်ဆောက်ထားသည်။

လေဆိပ်အဆောက်အအုံသစ်၌ ခေတ်မီလုံခြုံရေးစနစ်များပါ ထည့်သွင်းစီစဉ်ထားသည်။ ဆက်သွယ်ရေးကောင်းမွန်စေရန် တယ်လီဖုန်းလိုင်း ၃၀၀ တပ်ဆင်ထားသည်။ မြေညီထပ်၊ မြေအောက်ထပ်တို့၌ မော်တော်ယာဉ်အစီး ၂၀၀ ရပ်နားနိုင်ရန် စီစဉ်ထားရှိသည်။

တစ်နာရီလျှင် ခရီးသည် ၁၈၀၀လက်ခံနိုင်ပြီး လေယာဉ်ငါးစင်းဆိုက်ရောက်နိုင်ကာ အလျား ၁၃၈ပေ၊ အကျယ် ၁၀ ပေရှိ လေယာဉ်ဆိုက်ကပ် ပေါင်းကူးတံတားလေးခု ပါရှိသည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံသစ်ကြီး ပေါ်ထွန်းလာသဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ထွက်သွားလာနေကြသည့် ခရီးသည်များအတွက် အခြားသော နိုင်ငံတကာ လေဆိပ်များကဲ့သို့ အဆင့်မြင့်ဝန်ဆောင်မှုများ တိုးမြှင့်ခံစားရရှိနိုင်ကြမည် ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေးများ တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ မြန်မာတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ တည်ငြိမ်အေးချမ်း သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများ နိုင်ငံတကာသို့တိုင် သတင်းစကား ပိုမိုပျံ့နှံ့ရောက်ရှိနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုကို ထင်ဟပ်ဖော်ပြလျက်ရှိသည့် လေဆိပ်အဆောက်အအုံသစ်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန်နှင့် နိုင်ငံတကာ လေဆိပ်များနှင့် တင့်တယ်ဝင့်ထည်စွာ ရင်ပေါင်တန်း ရပ်တည်နိုင်ရန်တို့အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရီးသွားပြည်သူများနှင့် တိုင်းရင်းသားပြည်သူအားလုံးက တာဝန်သိသိဖြင့် ဝိုင်းဝန်းကူညီ ထိန်းသိမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်ဖက်သော မိဘများနှင့် ဇနီး ဒေါ်ရီရီမြင့်တို့အား ရည်စူး၍ သြစတြေးလျ နိုင်ငံ ဆစ်ဒနီမြို့မှ ဦးသန်းလွင် (မြန်မာ့ လက်ရွေးစင်ဘောလုံးသမားဟောင်း) နှင့်သားသမီး၊ မြေးများ မိသားစုက မင်းကွန်း ဆရာတော်ကြီး ၏ မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက် (ရေစက်၊ မီးစက်) အတွက် အလှူငွေကျပ် သိန်း ၁၂၀ကို ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထန်းတပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ စစ်ဆေး

ရန်ကုန် မေ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများ ပေးအပ်ကာ ဒေသခံတောင်သူလယ်သမားကြီးများ၊ အသင်းသား၊ အသင်းသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၅၈၁ သိန်း ၂ သောင်း ပေးအပ်ရာ မြို့နယ်အတွင်းရေးမှူး ဦးသန်းမြင့်က လက်ခံယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေကျပ်တစ်သိန်းအား ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်ကပေးအပ်ရာ လက်ထောက်ဆရာဝန် ဒေါ်မေသူစိုးဝင်းက လက်ခံယူသည်။

အသင်းဝင်အဆိုပြုလွှာပေးအပ်

ဆက်လက်၍အသင်းဝင်အဆိုပြုလွှာ ၃၂၄ စောင်အား ထန်းတပင်မြို့နယ် ရွှေစွမ်းအား စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးညွန့်ရွှေက ပေးအပ်ရာ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်က လက်ခံယူသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည်ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား

၂၇-၅-၂၀၀၇
(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာ တရားတော် (အပိုင်း-၆) (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၀၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	နေ့စဉ်မပျက်ဒါနဖက် (၃၆၅)ရက်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာအနုပညာရေးရာ
၉း၅၅	ကျန်းမာကြံ့ခိုင်ခြင်း၊ သိမ်မွေ့လှပခြင်းတို့စုဝေးရာ
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	EURO GOALS
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	လက်ဖက်စိုက်တဲ့ ရွာကလေး
၁၁း၁၀	မိုးလေဝသခန့်မှန်းချက်
၁၁း၁၅	ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	သစ်သီးဝလံပေါပြည့်ဝေဆာ ဒို့မြေမှာ (စိမ်းချိုသရက်သီး)
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	နည်းပညာစွမ်းဖြင့် အနာဂတ်ဆီသို့ တက်လှမ်းခြင်း
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

International Friendlies ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၃၀	England-Albania	5-Sports (Delay)

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇) ရပ်ကွက် ဇီဇဝါလမ်းနေ နှစ်ဖက်မိဘများအားရည်စူး၍ ဦးဟန်ပ၊ ဒေါ်ကြည်ကြည်ညွန့် သားသမီး မြေးတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မေတ္တာဗျူဟာအဖွဲ့ သွေးလှူဒါန်းမည်

ရန်ကုန် မေ ၂၆

ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် အကြိမ်(၁၀၀)ပြည့် ဒါနဥပပါရမီ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမွှာရုံကြီး၌ မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဇွန် ၃ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက်မတောင်တန်းစိုပြည်ရေး ကျွန်း၊ ပျဉ်းကတိုး ဖြည့်စွက်စိုက်ပျိုး

✱ ကျောဖုံးမှ

ဆက်လက်၍ နယ်မြေခံတပ် ခြံစည်းရိုးကြက်ဆူစိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပျိုးခြံအမှတ်(၁)တို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တောထိန်းသိမ်းရေး အပူပိုင်းဒေသ ကုန်းစောင်းမြေ စိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်က ကုန်းစောင်းမြေများ၌ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုးနှင့် အော်ရေးရှားပင်များ စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဖိုးတန်သစ်များ ထပ်မံစိုက်ပျိုးရန်နှင့် လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်အတွင်း ခြံစည်းရိုးကြက်ဆူပျိုးခြံနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အပူပိုင်းဒေသ ကုန်းစောင်းမြေစိုက်ခင်းမှာ ဧက၂၀ရှိပြီး အပင်၆၀၆၀ စိုက်ပျိုးပြီးကြောင်း သိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ နယ်မြေခံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူလက်တွဲပြီး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသည့် တပ်နယ်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက်၈နာရီ ၃၅မိနစ်တွင် ပခုက္ကူမြို့နယ် မန်ကျည်းသုံးပင်ရွာအနီး ပခုက္ကူ-ပေါက်လမ်း မိုင်တိုင်(၂၃/၆)ရှိ မန်ကျည်းသုံးပင် ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။ အဆိုပါ မန်ကျည်းသုံးပင် ရေလှောင်တမံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၄၄ပေ၊ တမံအလျား၁၈၇၅ပေဖြစ်ပြီး ကန်ရေပြည့်ပမာဏမှာ ဧကပေ ၄၄၀ ဖြစ်ကာ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၄၇ဒသမ၅ဧက ဖြစ်သည်။ ရေထုတ်ပြွန်အမျိုးအစားမှာ ၁ဒသမ၅ပေ အချင်းရှိ သံကူကွန်ကရစ်ပိုက်ဖြစ်ပြီး ရေပိုလွှဲအမျိုးအစားမှာ ကျောက်စီ၊ ပန်းရန်ဖြစ်ကာ ရေပိုလွှဲ အကျယ်ပေ ၂၀ဖြစ်သည်။ တူးမြောင်းမကြီး အလျားပေ၈၀၀၀ဖြစ်ပြီး ဆည်ရေပေးဝေ ဧရိယာမှာ ဧက၂၀၀ ဖြစ်သည်။

တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီး ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းမှ မြေကြီးလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေလှောင်တမံကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်စွက်စိုက်ပျိုးရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ပေါက်မြို့နယ် တက်မတောင် သဘာဝတောထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက တက်မတောင်တန်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျန်ရှိနေသည့် မြေကွက်လပ်များတွင် အဖိုးတန်ကျွန်း၊ ပျဉ်းကတိုးစသည်များ ဖြည့်စွက်စိုက်ပျိုးရေး မှာကြားသည်။

သဘာဝတောထိန်းသိမ်းရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူ-ပေါက်လမ်း မိုင်တိုင် (၂၅/၅) တက်မတောင်ရှုရပ်သို့ ရောက်ရှိကြပြီး တက်မတောင်တန်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ထိန်းသိမ်းထားမှုများကို ကြည့်ရှုစစ်ဆေးကာ ကျွန်း၊ ပျဉ်းကတိုးပင်များကို စိုက်ကွက်ငယ်များဖြင့် ပေါ်လွင်စွာ ရှင်သန်ဖြစ်ထွန်းအောင် ဖြည့်စွက်စိုက်ပျိုးသွားရန် မှာကြားသည်။ အဆိုပါ တက်မတောင်တန်း စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝတောထိန်းသိမ်းရေးလုပ်ငန်းများကို မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်တို့၌ ဆောင်ရွက်ခြင်းဖြစ်သည်။ တက်မတောင်သည် အမြင့် ၁၁၂၇ပေ၊ အကျယ်ဧက၂၆၅၀၀ဖြစ်ရာ ပေါက်မြို့နယ်၌ ဧက၁၁၆၈၀နှင့် ပခုက္ကူမြို့နယ်၌ ဧက၁၄၈၂၀ စိုက်ပျိုးထားကြောင်း သိရသည်။ သစ်တောစိုက်ခင်း လျာထား၅၆၃၅ဧကနှင့် သဘာဝထိန်းသိမ်းလျာထားဧက၂၀၆၀၀၊ မစိုက်ပျိုးနိုင်သော ဧရိယာမှာ ၂၆၅ဧက ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင် (၂၆/၃)သို့ ရောက်ရှိကြပြီး သစ်ပင်များစိုက်ပျိုးထားရှိမှု၊ သဘာဝတော ထိန်းသိမ်းမှုများကို စစ်ဆေးကာ သစ်ပင်များတိုးချဲ့စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပခုက္ကူ-ပေါက်-ကျောက်ထုလမ်း မိုင်တိုင်(၃၄/၄)အနီးရှိသော ယောချောင်း လျှပ်စစ်ရေတင်စီမံကိန်း (ရေပြာ)တိုးချဲ့ရေတင်လုပ်ငန်း၌ ရေမြောင်းတိုးချဲ့တူးဖော်မှုနှင့် စက်တပ်ဆင်မှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက ပေါက်မြို့နယ် ယောချောင်း လျှပ်စစ်ရေတင်စီမံကိန်း(ရေပြာ) ဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပေါက်မြို့နယ် သမားတော်ကျေးရွာအုပ်စု ရေပြာကျေးရွာအနီး မိုင်တိုင်(၃၄/၅)ရှိ နွေစပါးပန်းတိုင် ဧရိယာဧက ၄၀၀ သီးထပ်ရင်ရွှေမြန်မာ နွေစပါးစိုက်ကွင်း၌ မြေဩဇာစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါ နွေစပါး ပန်းတိုင်ဧရိယာ ဧက ၄၀၀ သီးထပ်ရင် ရွှေမြန်မာစပါး စိုက်ကွင်းအမှတ်(၁၅၆၀)၊ (၁၅၅၂)နှင့် (၁၅၅၁)တို့၌ စိုက်ပျိုးထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူ-ပေါက်-ကျောက်ထုလမ်းမိုင်တိုင် (၃၄/၆)ရှိ အမှတ်(၂) ပေါက်တံတား (ရေပြာ)သို့ ရောက်ရှိကြပြီး တံတားကြီး၏ ကြံ့ခိုင်မှုကိုကြည့်ရှုကာ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းစစ်ဆေးသည်။ အဆိုပါတံတားမှာ ဘေလီတံတားဖြစ်ပြီးအရှည် ၁၄၉၈ပေ၊ အကျယ်၁၂ပေ ၄လက်မဖြစ်ကာ ယာဉ်/ကုန် ခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်သည်။

ကြံ့ခိုင်မှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင် (၄၂/၆)ရှိ အုန်းတောတံတားသို့ရောက်ရှိကြပြီး တံတားကြီး၏ ကြံ့ခိုင်မှုကို ကြည့်ရှုကာ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက်၁၀နာရီ ၃၅မိနစ်တွင် ပေါက်မြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ပေါက်မြို့နယ် ထန်းတပင်ကျေးရွာအုပ်စု သရက်တောကျေးရွာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျေးရွာပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်၊ မျိုးစေ့နှင့်ပျိုးကိုင်းများကို ပေးအပ်၍ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးပင် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ ပျိုးထောင်ပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ ပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယနေ့ပြုလုပ်သည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးမြေငါးဧက၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ်၊ကျောက်ထုမြို့နယ် ပန်းဆန်ရွာအနီးမိုင်တိုင်(၀/၁)၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချ ပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယနေ့ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးမြေငါးဧက၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ စိုက်ပျိုးကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပေါက်-ကျောက်ထုလမ်း မိုင်တိုင်(၀/၂)ရှိ မင်းလယ်တော ရေလွှဲဆည် ရေသောက်ဧရိယာစိုက်ကွင်းသို့ရောက်ရှိပြီး ကျောက်ထုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက မင်းလယ်တော ရေလွှဲဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ ကျောက်ထုမြို့နယ်၌ ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါး ၁၆၉၈၇ ဧက၊ နွေစပါး ၂၆၄၈ဧက စိုက်ပျိုးခဲ့ကြောင်းသိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်(၁၈/၆)နှင့် (၁၈/၇)ကြားရှိ အိုင့်ချိုင့် (ကျီးချောင်း)တံတား မိုးရွာသွန်းမှုကြောင့် ရေတိုက်စားမျောပါသွားသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရန် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင် (၂၁/၀) နှင့် (၂၂/၀)ကြား ထီးလင်းမြို့နယ် ထီးလင်းကျေးရွာအုပ်စု သရခါကျေးရွာအနီး ရေတိုက်စားခံရသည့် ကျည်ချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရန် လိုအပ်သည်များ မှာကြားသည်။

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်းမြို့နယ် သရခါကျေးရွာ မိုင်တိုင် (၂၃/၀)၌ ကျင်းပသော ထီးလင်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သရခါ၊ ကျားခဲနှင့် ပုဏ္ဏားကျေးရွာ ပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများ ပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများဖြင့် ပျိုးထောင်ပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများ ပျိုးထောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယနေ့ကျင်းပသည့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် စိုက်ပျိုးမြေ ၃ဒသမ၅ဧက၌ ခြံစည်းရိုးကြက်ဆူ ပျိုးပင် ၄၂၀၀ စိုက်ပျိုးကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်းမြို့အဝင် မိုင်တိုင်(၂၃/၃)ရှိ နွေစပါး ပန်းတိုင်ဧက ၃၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းက စိုက်ကွင်းအတွင်း ရွှေမြန်မာမျိုးစပါးစိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ညနေ၃နာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့သို့ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။ ရှေးဦးစွာ ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းက ထီးလင်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာတင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးမျိုးတင့်၊ မြို့နယ်ဆက်သွယ်ရေးမန်နေဂျာ ဒေါ်ချိုချိုစန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှမြင့်တို့က ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ယခင်က ဆက်သွယ်မှုခက်ခဲသော မြို့တစ်မြို့ဖြစ်သော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်မှုအခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုကို အကျိုးရှိရှိ အသုံးချပြီး ဒေသတွင်းပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအပြင် စိုက်ပျိုးရေးတွင်လည်း စပါးတစ်မျိုးတည်းမဟုတ်ဘဲ ဒေသနှင့်ကိုက်ညီသည့် သီးထပ်သီးနှံများ၊ ပိန္နဲ၊ သရက်၊ ထောပတ်၊ တညင်း စသည့် နှစ်ရှည်ပင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဂရုပြု ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်းမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးရာ ဆိုင်တာဝန်ခံဦးကျော်သီဟက အရောင်းဆိုင်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်းမြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာတင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံတက်ရောက်ဆေးကုသနေသော အမျိုးသား အမျိုးသမီးလူနာဆောင်များနှင့် ခွဲစိတ်ပြီး အမျိုးသမီးလူနာဆောင်တို့ကို သွားရောက်ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေမျက်နီလမ်းဆုံသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဆွေက မြစ်သာရေလှောင်တမံ စီမံကိန်း၏ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်သာရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၀၅ပေ၊ အလျားပေ ၂၉၇၅၀ ဖြစ်သည်။ ကန်ရေပြည့်ပေ ၁၁၀၀ ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၃၇၇၆၀၀ ဖြစ်ကာ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၅၇၈၈ဧကဖြစ်သည်။ ရေလွှဲမြောင်းအလျားပေ၁၄၃၀၀၊ အကျယ်ပေ၁၀၀ဖြစ်ပြီး ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်ဖြစ်ကာ ရေပိုလွှဲ အကျယ်ပေ ၁၀၄၀ ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ဖြစ်ပြီး ဆည်ရေပေးနိုင်မည့်ဧရိယာ ဧက ၁၂၀၀၀ ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်း-ဂန့်ဂေါလမ်း မိုင်တိုင်(၁၀၈)ရှိ လောင်ထောင်ကြီးဝိုင်း အကွက်(၁)၌ လေ့ကားထစ်စိုက်ပျိုးထားသော ဧက၅၀ ခြံစည်းရိုးကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်း-ဂန့်ဂေါလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ဂန့်ဂေါမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

ပန်းတိုင်းတင့်ဝေ ဖူးပွင့်စေ

ကျောင်းနေရွယ်များ အားလုံးအား
ကျောင်းထားအမြန် အပ်နှံစေ၊

ပညာရေးဌာန ကြိုးပမ်းရ
ပြည့်ဝမသွေ အပ်နှံစေ၊

မိဘပြည်သူ ပြည့်ဝကူ
ကြည်ဖြူထက်သန် အပ်နှံစေ၊

တစ်ယောက်မကျန် ကျောင်းအပ်နှံ
ကေန်ကလေးတိုင်း စာတတ်စေ၊

မူလတန်းသင် အားလုံးလျှင်
ကျွမ်းကျင်အခြေခံ တတ်ကြစေ၊

မိဘဆရာ သက်ဆိုင်ရာ
စဉ်သာကြိုးကုတ် အားထုတ်စေ၊

ယခုမှန်တတ် အနာဂတ်
ကျိုးမြတ်လှိုင်ဝေ ရရှိစေ။ ။

ဒေါက်တာသန်းဦး

ရဟန်းတော်တို့၏ ဝါသဓုရ၊ ပရိယတ္တိဓုရနှစ်ပါး ပွားများအားထုတ်နိုင်ရန် နိုင်ငံတော်၊ ပြည်သူနှင့် ဥပါသကာ ဥပါသိကာမအပေါင်းတို့ ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေးပစ္စည်းလေးပါးတို့ကို လှူဒါန်းထောက်ပံ့

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ကုမာရ သာရဏီယ ဩဝါဒကထာကို မြွက်ကြား ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၆

(၅၉)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မိန့်ကြားအပ်သော သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

(၅၉)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ စာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကရေတစ်ပါး၊ မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဒီဃဘာဏက လေးပါး၊ မူလအဘိဓမ္မိကနှစ်ပါး၊ ဝိနယဓရ ၁၁ပါး၊ ဥဘတောဝိဘင်္ဂရေအပါး ၄၀အားဖြင့် အောင်ပွင့်အောင်ပန်း အခန်းခန်းကို ရွှင်လန်းပန်ဆင် အာဇာနည်အရှင်မြတ် ၇၃ပါးတို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား ဝမ်းမြောက်ဖွယ်အမှတ်ရဖွယ်ဖြစ်သော သမ္မောဒနီယ သာရဏီယ ဩဝါဒစကားမြွက်ကြားလိုပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ ထမ်းဆောင်ရမည့် သာသနာ့တာဝန်သည် ဝါသဓုရ၊ ပရိယတ္တိဓုရဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းသည် ဝါသဓုရဖြစ်ပါသည်။ စာပေကျမ်းဂန်ကို သင်အံကျိုးကုတ် အားထုတ်ခြင်းသည် ပရိယတ္တိဓုရ ဖြစ်ပါသည်။

ရဟန်းတော်တို့၏ ဝါသဓုရ၊ ပရိယတ္တိဓုရ နှစ်ပါးကို ပွားများကျိုးကုတ်အားထုတ်နေခြင်းသည် မြတ်စွာဘုရား သာသနာတော်ကို တရားဖြင့်ချီးမြှောက်ရာ၌ ချမ်းချမ်းသာသာ ချီးမြှောက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့်တကွ ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို လှူဒါန်းထောက်ပံ့ခြင်းသည် ပစ္စည်းတို့ဖြင့် ချီးမြှောက်သည့် အာမိသာနုဂ္ဂဟဖြစ်ပါသည်။

တိပိဋကစာပွဲဝင် စာအောင်အရှင်မြတ်တို့က သာသနာတော်ကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြခြင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သား ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ယခုကဲ့သို့ အာမိသပူဇာတို့ဖြင့် ပူဇော်ချီးမြှောက်ကြခြင်းသည် မြတ်စွာဘုရားသာသနာတော်ကို အရှည်ခံ၍ တည်တံ့အောင် သာသနာပြု ကုသိုလ်ထူးကြီးကို ဆည်းပူးအားထုတ်ကြခြင်း ဖြစ်ပါသည်။

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ ပဏ္ဍိတော ဟိ တေပိဋကံ သုတွာ ဒွေပိ ပူရေတိ။ ပ။ တသ္မာ ပရိယတ္တိယာဋ္ဌိတာယ သာသနံ ဋ္ဌိတံဟောတိ"ဟူ၍ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ (၄၁၂၊ ၄၁၃)၊ ပါထိကဝဂ္ဂ အဋ္ဌကထာ (၈၂)တို့ မိန့်မှာသည့်အတိုင်း သာသနာတော်တည်တံ့ရေး၏ လိုရင်းပမာဏမှာ ပရိယတ္တိသာ ဖြစ်ပါသည်။ ပညာရှိသည် ပိဋကသုံးပုံကို နာကြားသင်ယူပြီး ပဋိပတ္တိ၊ ပဋိဝေဓသာသနာတော်နှစ်ရပ်ကိုလည်း ဖြည့်ကျင့်နိုင်ပါသည်။ ပ။ ပရိယတ်တည်လျှင် သာသနာတော်တည်ပါသည်။

ထို့ကြောင့် တိပိဋကရေ စာပွဲဝင် စာအောင်အရှင်မြတ်တို့သည် "ငါတို့သည် မြတ်စွာဘုရား၏သာသနာတော်မြတ်ကြီး အရှည်ခံ၍တည်တံ့အောင် ဓမ္မာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်သည်"ဟုလည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သား ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကလည်း "ငါတို့သည် သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် အာမိသာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်သည်"ဟုလည်းကောင်း နှလုံးသွင်းဆင်ခြင်၍ ကြည်လင်ရွှင်လန်း ဝမ်းမြောက်နေသင့်ကြပါသည်။

တိပိဋကစာတော်ပြန်ပွဲ ဆင်နွှဲအောင်မြင် အာဇာနည်အရှင်မြတ်တို့ဘုရား "ပရိယတ္တိံ နိဿာယ ပရိဝါရော ဥပ္ပဇ္ဇိ၊ ပရိဝါရံ နိဿာယ လာဘော" ဟူသော သုတ္တနိပါတ် အဋ္ဌကထာ (၁၉၃)လာ မိန့်မှာတော် မူချက်အရ ပရိယတ်ကို အမှီပြု၍ တပည့်ဒါယကာများစွာဝန်းရံ အခြွေအရံများ ဖြစ်ပွားလာတတ်ပါသည်။ အခြွေအရံကို အမှီပြု၍ လာဘ်လာဘပေါ်များလာတတ်ပါသည်။ ဖြစ်ပေါ်လာသည့် လာဘ်လာဘသည် စိတ်ဓာတ်မခိုင်သည့် ပုဂ္ဂိုလ်များအတွက် တိုးတက်ရေးဘက်ကို ဦးမတည်ဘဲ ဈာန်မဂ်ဖိုလ်တရားရရန်အတွက် အနှောင့်အယှက် အတားအဆီး ဖြစ်နေတတ်ပါသည်။

ထို့ကြောင့် အရှင်မြတ်တို့၏ အဆင့်မြင့်သော ပရိယတ္တိ အောင်ပန်း ဆင်မြန်းရခြင်းကို အမှီပြု၍ လာဘ်ပူဇော်သက္ကာ၊ များပြားလာပါက "ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရ သိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ" ဟူသော နိဒါနဝဂ္ဂ သံယုတ် (၄၂၄) ဒါရုဏသုတ်လာသည့်အတိုင်း "လာဘ်ပူဇော်သက္ကာရများရခြင်း၊ ဂုဏ်သတင်းကျော်စောခြင်းသည် ခက်ထန်လှ၏၊ ခါးစပ်လှ၏၊ ကြမ်းတမ်းလှ၏၊ ယောဂလေးတန် ကုန်ရာမှန်သော အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ရရန်အတွက် အနှောင့်အယှက် အန္တရာယ်ဖြစ်၏"ဟု နှလုံးသွင်း ဆင်ခြင်တော်မူကြကာ ပရိယတ္တိလမ်းခရီးတွင် ဆုံးခန်းတိုင်မြောက် မရောက်သေးဘဲ ပြီးဆုံးလိုက်သော အခြေအနေ မဖြစ်ရအောင် သတိဆောင်တော်မူကြ၍ နိဿရဏတ္ထ ပရိယတ္တိ ဖြစ်အောင် နှလုံးသွင်းဆင်ခြင်တော်မူကြပါဟု လျှောက်ထားလိုပါသည်။

နိဂုံးချုပ် လျှောက်ထားလိုသည်မှာ–

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။
နပ္ပပုညာ ကရဟာဓိ၊အပဂ္ဂဏှိတုမရိဟယာ။

ပုညဝန္တဿ=ပုဉ်းရှင်ကံရှင်သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ သာသနံ=အံ့ဖွယ် ရှစ်ဖြာသာသနာတော်ကို၊ပုညဝန္တာဝ=ပုဉ်းရှင်ကံရှင် သမ္ဘာရှင်ဖြစ်သော ပုဂ္ဂိုလ်တို့သည်သာလျှင်ပဂ္ဂဏှိတုံ=ချီးမြှောက်ခြင်းငှာ–ဝါ–ချီးမြှောက်ခွင့်ကို၊ လဗ္ဘရေ=ရနိုင်ကြကုန်၏၊ အပ္ပပုညာ=ဘုန်းကံနည်းပါး အောက်တန်းစား ပုဂ္ဂိုလ်တို့သည်ကား၊ အဝိသယာ အရာမဟုတ်သည်၏အဖြစ်ကြောင့် ကရဟာဓိ= တစ်ရံတစ်ဆစ်မျှ၊ ပဂ္ဂဏှိတုံ=ချီးမြှောက်ခြင်းငှာ–ဝါ–ချီးမြှောက်ခွင့်ကို၊ နလဗ္ဘရေ= မရနိုင်ကြကုန်–ဟူသော ဒေသနာအရ တိပိဋကစာပွဲသဘင်အောင်ပန်းဆင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးရှိသော ပြည်သူပြည်သား၊ ဥပါသကာ၊ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့သည်**" ငါတို့သည်ကား ပုဉ်းရှင်ကံရှင် သမ္ဘာရှင်ဖြစ်ကြသောကြောင့်သာ ပုဉ်းရှင်ကံရှင် သမ္ဘာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ခွင့်ရနေကြပေသည်တကား"**ဟု ပီတိ သောမနဿ အဆင့်ဆင့်ပွားလျက် ဘုရားမြတ်စွာ သာသနာတော်ကို စဉ်ဆက်မပြတ် အားပေးချီးမြှောက် ထောက်ပံ့နိုင်ကြပါစေ"ဟုပတ္ထနာပြုလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့။ ။

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)ထွက်ပြီ

ရန်ကုန် မေ ၂၆

ယခုတစ်ပတ်ပြည်တွင်းသတင်းများတွင် မြန်မာ့မီးရထားမှ မြင်းကောင်ရေ ၁၂၀၀အား လျှပ်စစ်စက်ခေါင်းကို တည်ဆောက်နိုင်ခဲ့၊ အင်းစိန်ခုံးကျော်တံတားတွင် မီးပွိုင့်တပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ၊ ဘရာဇီးမျိုး ခွဲဝါဂှက်ပျော ပြည်ပတင်ပို့ရောင်းချမှု၊ အလှူရေစက်လက်နှင့်မကွာ လှူလိုသူများအတွက် ဆင်ခြေဖုံးကျေးရွာမှ ကုသိုလ်ဖြစ်ဆေးခန်း၊ နေပြည်တော် အထူးခရိုင်အတွင်းရှိ တောင်သူများအား နွေစပါးချေးငွေထုတ်ပေး၊ အဓိကခရီးစဉ် ၂၂ခုတွင် တက္ကသိုလ်ကြိုပို့ယာဉ် ၅၅၉စီးဖြင့် ဖြည့်စွက်ပြေးဆွဲ၊ စစ်ကျန်ဘတ်(စ်)နေရာတွင် စီးတီးဘတ်(စ်)များဖြင့် အစားထိုးပြေးဆွဲ ရန် စီစဉ်ဆောင်ရွက်၊ ပြည်ပမှမှာယူသော သံလမ်းများ ရောက်ရှိ အစရှိသည့် သတင်းများပါရှိသည်။

ထို့ပြင် လူစွန့်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်လွှတ်မှု (ခင်မောင်လင်း)၊ လှပဆန်းကြယ်သော ဂမုန်းပင်များ၏ အမည်များ(အောင်၊ ရေကြောင်း အင်ဂျင်နီယာ)၊ အမျိုးဘာသာအသွင် မနိမ့်စေဖို့ ရိုးရာသဘင်အငြိမ့်ကိုကကြစို့ (ဩဘာ၊ ရန်ကုန် တက္ကသိုလ်)၊ ခေတ်အကြောင်း ဂျစ်အကြောင်း တစေ့တစောင်း (အောင်စိုးလွင်၊ မြန်မာစာ)၊ ကမ္ဘာမြေကိုကာကွယ်စောင့်ရှောက်ရန် လိုအပ်လာခြင်း(မောင်မြား)၊ ပထမအကြိမ်သစ်သီးဝလံဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲ(မေဖြူ) လက်ရာစုံဆောင်းပါးများနှင့် မျက်မှောက်နိုင်ငံတကာ သတင်းများပါရှိသည်။

စာမူပေးပို့

စိမ်းလဲ့ရွှေပြည်ဂျာနယ် **(အပေါ်ပုံ)**ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့်ပန်းရွှေပြည်(သိမ်ဖြူလမ်း) စာအုပ်ဆိုင်များ၌ ဝယ်ယူနိုင်ပါသည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန် ဖုန်း–၃၈၂၀၇၀သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ခုနှစ် မေလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၇-၅-၂၀၀၇)ရက်နေ့
၂၀၀၇ခုနှစ် ဇွန်လအတွက် (၁၀-၆-၂၀၀၇)ရက်နေ့ နှင့် (၂၄-၆-၂၀၀၇)ရက်နေ့

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ် ၈၀၀ သရေခေတ္တရာ လမ်းနေ မိခင်ကြီး ဒေါ်ယဉ်ယဉ်လှဲ့အားအမှူးထား၍ သား ဗိုလ်ဗိုလ်ဝင်း၏ (၃၇)နှစ်မြောက် မွေးနေ့ အလှူအဖြစ် ငွေကျပ် တစ်သိန်းကို အရှင်အာစာရ လင်္ကာရ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ (စစ်ကိုင်းရွှေဟင်္သာ) ဆရာတော်အား လှူဒါန်းပွဲနှင့် ယဉ်ကျေးလိမ္မာ ကလေးတရားပွဲကို မေ၂၅ရက်ညက မိဂဒါဝမ္မရိပ်သာ ဗဟိုဓမ္မာရုံကြီးတွင် ကျင်းပစဉ်။ (၁၉၂)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၅-၂၀၀၇ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၁၅ ၇။ မဒေးရေလျှောင်တမံ
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ Yan Can Cook
၁၂း၀၀ ၅။ မြန်မာဗီဒီယိုဓာတ်လမ်း **ချစ်သူပုံပြင်** နေမျိုးအောင်၊ ယမင်းကိုကို၊ ခိုင်နှင်းဝေ (ဒါရိုက်တာ–ဒယ်နီ)
၁၃း၃၅ ၆။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံမူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းချက်)
၁၄း၀၀ ၇။ အတီးပြိုင်ပွဲ
၁၄း၁၀ ၈။ မူဟန်သွယ်သွယ် ဆိုကြမယ်
၁၄း၃၀ ၉။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၁၄း၄၅ ၁၀။ International News.
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၂၀ ၇။ အဆိုပြိုင်ပွဲ
၁၇း၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သီရိဂေဟာ
၁၉း၀၀ ၁၂။ သီးနှံစိုက်ပျိုးအထွက်တိုး (ပိုးသတ်ဆေးများအန္တရာယ်ကင်းစွာ သုံးစွဲနည်း)
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၂၉)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း–၂၀)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

မိုးရာသီ စုပေါင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ
တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက် ပျိုးထောင်စိုက်ပျိုးပေး

နေပြည်တော် မေ ၂၆

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ မိုးရာသီစုပေါင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲကို မေ၂၄ရက် နံနက် ၈ နာရီက တိုင်းစစ်ဌာနချုပ် စစ်သည်စားရိပ်သာရှေ့၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ စစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

ပျိုးထောင်ပေး

အစီအစဉ်အရ တိုင်းမှူးနှင့် ဇနီးတို့သည် တိုင်းစစ်ဌာနချုပ်မိသားစုဝင်များအား ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကိုပေးအပ်ပြီး ပျိုးအိတ်များအတွင်း မျိုးစေ့နှင့်ပျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များ ခြံစည်းရိုး ကြက်ဆူပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၀၅၀၀နှင့် သင်္ဘောကြက်ဆူ ၁၅၆၀တို့အား စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ဧည့်ခန်းမတွင် ရန်ကုန်မြို့တော်အတွင်းရှိ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများအား အမှာစကားပြောကြားစဉ်။ (အမှတ်-၂ လျှပ်စစ်)

မြဝတီရုပ်မြင်သံကြား

၂၇-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရေဒီယိုလှိုင်း အမှတ် ၁၀၀.၄**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသသတင်း
- ၆:၂၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၂၁)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၉)

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန် ဈေးကြီးရှိ ရွှေဇင်ထက် ရတနာရွှေဆိုင်မှ မောင်အောင်စိန်လင်း၊ မဇင်ဇင်ထက် မိသားစုက နှစ်ဖက်မိဘများအမှူးထား၍ အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သံဃာ့ဆေးရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်း လက်ခံယူစဉ်။
(က-ပ)

အတွေ့အကြုံ၊ အရည်အသွေးနှင့် အရည်အချင်းများပူးပေါင်း လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်အောင် စွမ်းဆောင်
မိမိဌာန စံပြဖြစ်လာအောင် ပတ်ဝန်းကျင်နှင့်ယှဉ်၍ကြိုးစား

ရန်ကုန် မေ ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၂၃ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ဧည့်ခန်းမ၌ ရန်ကုန်မြို့အတွင်းရှိ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံမှာကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ တွဲဖက်အတွင်းရေးမှူး ဦးတိုးအောင်၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် ဦးအောင်ခိုင်၊ ညွှန်ကြားရေးမှူးများ၊ လက်ထောက်အင်ဂျင်နီယာချုပ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ကြိုးပမ်းစွမ်းဆောင်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ရန်ကုန်မြို့ရှိ ပြည်သူများအားလုံး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိစေရေး အလေးထားဆောင်ရွက်ရန် ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးအရာရှိများကို ရန်ကုန်မြို့အတွင်း တာဝန်ပေးထားကြောင်း၊ တာဝန်ရှိသူများအားလုံးက အတွေ့အကြုံ၊ အရည်အသွေးနှင့်အရည်အချင်းများ ပူးပေါင်းကာ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်အောင် စွမ်းဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအပေါ် စေတနာတုံ့ပြန် ပေးဆပ်မှုသည် မိမိတို့လုပ်ငန်းတာဝန်အပေါ် စွမ်းရည်မြှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များအပေါ် မည်သည့်ကိစ္စမဆို ကျွမ်းကျင်အောင် ကြိုးစားလေ့လာသင်ယူ လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းတာဝန်အပေါ် ကွပ်ကဲမှုနှင့် တာဝန်ယူမှုများအပြင် ပြည်သူလူထုနှင့်ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရန်သည်လည်း အဓိကကျကြောင်း၊ မိမိတို့ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် မိမိဌာန စံပြဖြစ်လာအောင် ပတ်ဝန်းကျင်နှင့်ယှဉ်၍ ကြိုးစားဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေး၊ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှု ပပျောက်စေရေးတို့ကို တာဝန်ရှိသူများမှ အဓိကထား ဆောင်ရွက်ကြရန်နှင့် ဌာနဝင်ငွေ/ဘဏ္ဍာငွေ တိုးတက်စေရေးအတွက် လုပ်ငန်းတိုင်းကို သိရှိကျွမ်းကျင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မေ ၂၆

၁။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုနှင့် ထိန်းချုပ်နိုင်မှု။** ရန်ကုန်တိုင်းအတွင်း ၂၈-၂-၂၀၀၇ရက်မှ ၃၁-၃-၂၀၀၇ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သော မြို့နယ်ငါးမြို့နယ်တွင် ရောဂါထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်၍ ၎င်းငါးမြို့နယ်အတွင်း ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု၊ ဈေးများအတွင်း ရောင်းချမှု ကန့်သတ်ထားခြင်းများကို ၂၂-၄-၂၀၀၇ရက်မှစ၍ ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း။

၂။ **ရောဂါထိန်းချုပ်နိုင်ပြီးနောက် ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်မှု (Postoutbreak surveillance)။** ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် (After outbreak Containment) ရောဂါပိုးအကြွင်းအကျန် လည်ပတ်နေမှု ရှိ၊ မရှိ သိရှိနိုင်ရေးအတွက် ရောဂါဖြစ်ပွားခဲ့သည့် ခြံများ၏ ၃ကီလိုမီတာပတ်လည်ရှိ ကြက်၊ဘဲခြံအားလုံးနှင့် ၇ကီလိုမီတာပတ်လည်ရှိ ကြက်၊ဘဲခြံအရေအတွက်၏ ၃၀ရာခိုင်နှုန်းမှ သွေးရည်ကြည်နမူနာနှင့် စအိုတို့ဖတ်နမူနာများကို ရယူစစ်ဆေးလျက်ရှိကြောင်း။

၃။ **စစ်ဆေးတွေ့ရှိချက်များ** (Detection and identification)။ အထက်ပါ သတ်မှတ်နယ်မြေများအတွင်း ကြက်ခြံ ၉၅ ခြံရှိ ကြက်၊ဘဲ ၄၄၀၀၀ မှ သွေးရည်ကြည်နမူနာနှင့် စအိုတို့ဖတ်နမူနာ ၅၄၀၀ကို ရယူစစ်ဆေးခဲ့ရာ ဘဲခြံတစ်ခြံမှ ရရှိသည့် သွေးရည်ကြည်နမူနာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဆန့်ကျင်ပစ္စည်း (ပဋိပစ္စည်း) တွေ့ရှိရသော်လည်း စအိုတို့ဖတ် နမူနာတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် မတွေ့ရှိရကြောင်း၊ ဥစားကြက်ခြံတစ်ခြံမှရရှိသည့် သွေးရည်ကြည်နမူနာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဆန့်ကျင်ပစ္စည်း(ပဋိပစ္စည်း) မတွေ့ရှိရသော်လည်း စအိုတို့ဖတ် နမူနာတွင် ကြက်လည်လိမ်ဗိုင်းရပ်စ်နှင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်နှစ်မျိုးလုံး၊ (Co-infection)တွေ့ရှိရကြောင်း၊ ကျန်ကြက်ခြံ ၉၃ခြံတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် ကင်းရှင်းသည်ကို တွေ့ရှိရကြောင်း၊ (No evidence of NAI infection)။

၄။ **အရေးယူဆောင်ရွက်ချက်** (Rapid response)

(က) **ကြက်ငှက်တုပ်ကွေးရောဂါ ပဋိပစ္စည်းတွေ့ရှိသောဘဲခြံ။** မွေးမြူထားသော ဘဲများကို ရွှေ့ပြောင်းခြင်း မပြုရန်နှင့် ဘဲသားပေါက်များ ထုတ်လုပ်ရောင်းချခြင်းမပြုရန် ညွှန်ကြားထားပြီး စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း။

(ခ) **ကြက်လည်လိမ်ဗိုင်းရပ်စ်နှင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် နှစ်မျိုးလုံးတွေ့ရှိသော ကြက်ခြံ။** ရောဂါစူးစမ်းရှာဖွေစစ်ဆေးစဉ် ကာလအတွင်း ဗိုင်းရပ်စ်စစ်ဆေးတွေ့ရှိရသဖြင့် အခြားကြက်ငှက်များသို့ ပျံ့နှံ့ကူးစက်မှု မရှိစေရေးအတွက် အဆိုပါကြက်ခြံရှိ ကြက်များနှင့်အစာများအား မြေမြှုပ်ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ဇီဝလုံခြုံမှု တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း။

(ဂ) **ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှု။** အရှိန်အဟုန်မြှင့်၍ ပိုမိုစူးစိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၅။ **ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်၏တည်တံ့နိုင်မှု** (Virus persistence) ။ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်သည် စိုထိုင်းဆနှင့် အပူချိန်နိမ့်ကျလျှင် ပိုမိုကြာရှည်စွာ ရှင်သန်နိုင်ကြောင်း၊ စိုထိုင်းဆမြင့်မားပြီး အပူချိန်နိမ့်ကျပါက ကြက်မစင်အတွင်းရှိ ဗိုင်းရပ်စ်သည် ပိုမိုကြာရှည်စွာ ရှင်သန်နိုင်ကြောင်း၊ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်သည် ၂၂စင်တီဂရိတ်ရှိ ရေတွင် လေးရက်၊ ဝဒီဂရီစင်တီဂရိတ်ရှိရေတွင် ရက်၃၀ ရှင်သန်နိုင်ကြောင်း၊ ကြက်ငှက်များကို သုတ်သင်ပြီး ကြက်ခြံရှိ ဖုန်မှုန့်ထဲတွင်တည်ရှိသော ဗိုင်းရပ်စ်သည် ပိုးသတ်ဆေး စနစ်တကျမဖျန်းပါက နှစ်ပတ်ခန့် ရှင်သန် နိုင်ကြောင်း။

၆။ **သုံးသပ်ချက်။** ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်အကြွင်းအကျန် ရှိနေနိုင်သေးကြောင်း။

၇။ **ကျန်းမာရေးထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း။** ထုတ်လုပ်မှု မထိခိုက်စေရေး၊ မွေးမြူသူ၊ စားသုံးသူများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြက်၊ ဘဲ၊ ငုံးခြံများတွင် တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးခြင်း၊ အခြားပြည်နယ်၊ တိုင်းသို့ သယ်ယူမည့် ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက် ပစ္စည်းများအား စစ်ဆေး၍ ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

၈။ **တိရစ္ဆာန်ကျန်းမာရေးသတိ။** ရောဂါစူးစမ်းရှာဖွေမှုများအရ ရန်ကုန်တိုင်းအတွင်းရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး အကြွင်းအကျန် တွေ့ရှိရသဖြင့် ရောဂါထိန်းချုပ်မှု ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် တစ်ကျော့ပြန် မဖြစ်ပွားစေရေးအတွက် ပြည်သူလူထုနှင့် မွေးမြူသူများအနေဖြင့် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်ငှက်များ ပုံမှန်မဟုတ်သည့်နည်းဖြင့် သေဆုံးမှုတွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်၊ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာ သတင်းပို့ရန်၊

(ဂ) ရောဂါဖြစ်ပွားသည့် ကြက်ငှက်များနှင့် ယင်းကြက်ငှက်ထွက်ပစ္စည်းများကို ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန် ကြက်ငှက်အသေကောင်များ၊ ကြက်ငှက်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ရန်၊

(ဃ) ကြက်ငှက်ခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း ကြက်ငှက်ခြံမှထွက်တိုင်း လက်ဆေးခြင်း၊ တစ်ကိုယ်ရည် သန့်ရှင်းရေးပြုလုပ်ခြင်း ဆောင်ရွက်ရန်၊

(င) အစာအိတ်၊ ကြက်သားပေါက်ထည့် ဘူးအသစ်များကို အသုံးပြုရန် ကြက်ခြင်း၊ ကြက်ဥသယ်တန်းစသည့် အသုံးအဆောင်ပစ္စည်းများကို သန့်စင်ပိုးသတ်ပြီးမှ ပြန်လည်အသုံးပြုရန်၊

(စ) ရောဂါစူးစမ်းရှာဖွေခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ အသက်အကြီးဆုံး အဘွားဒေါ်အေးမေ ၁၀၅ နှစ်ပြည့် မွေးနေ့ကျင်းပမည်

ရန်ကုန် မေ ၂၆

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ စောင့်ရှောက်ထားသော အသက် ၇၀နှင့်အထက် အဘိုး၊ အဘွား ၂၄၀အနက် အသက်အကြီးဆုံးအဘွားဒေါ်အေးမေ(ရွှေဘိုမြို့ဇာတိ)**(ဝဲပုံ)**၏ အသက်၁၀၅နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားကို ဇွန် ၁ရက်**(သောကြာနေ့)**နံနက် ၈ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မွေးနေ့အခမ်းအနားတွင် အဘွားဒေါ်အေးမေက သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ လှူဒါန်း၍ ဆွမ်းဆက်ကပ်မည့်အပြင် အလှူငွေများလှူဒါန်းပြီး ရိပ်သာ၌ အတူနေ အဘိုး၊ အဘွားများအား တစ်နေ့တာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။

ထို့နောက်ဘိုးဘွားများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများက ဂါရဝပြု ကန်တော့ကြမည်ဖြစ်သည်။

အဘွားဒေါ်အေးမေ၏ ၁၀၅နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားတွင် လှူဒါန်းလိုသော စေတနာရှင်များ မည်သူမဆိုလာရောက်ဂါရဝပြု လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒုတိယရဲမှူး ဦးသောင်းနှင့် သမီးဒေါ်လှုံလှုံဆွေတို့အား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် နိဗ္ဗာန်လမ်း (ချမ်းမြေ့ရိပ်မြုံ) အမှတ် ၄၄ နေ ဒေါ်သန်းဝင်း မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဟာသမယ သုတ္တန်တရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် မေ ၂၆

၁၃၆၉ ခုနှစ် နယုန်လပြည့် (မဟာသမယအခါတော်နေ့)မေ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန် ကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တသိရိန္ဒ (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ဆရာတော်ငါးပါးတို့က မဟာသမယသုတ္တန်တရားတော်နှင့် မဟာသမယသုတ်ပါဠိတော်များကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် မေ ၂၆

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၅၁)ကြိမ်မြောက်တရားစခန်းပွဲကို ယောဂီများ နယုန်လပြည့်ကျော် ၃ ရက် (ဇွန် ၂ ရက်)စနေနေ့ညနေအရောက်လာကြရန်နှင့် ယင်းတရားစခန်းပွဲ၌ ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ပါသဖြင့် ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

နောင်ချိုမြို့ အုမ္မသီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် မေ ၂၃ရက်နံနက်ပိုင်းက ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်အတွင်း ထောက်ပံ့လှူဒါန်းသည့် ကျောင်းဆောင် ၁၀၀မြောက် လွှဲပြောင်းပေးအပ်သော အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းဆောင်သစ်အား အလှူရှင် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာရိုဟေးဆာဆာကာဝါနှင့် ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာရိုဟေးဆာဆာကာဝါ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ နိုဘူတာကာအိုဒါနီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေတို့က အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီက ကျောင်းဆောင်တည်ဆောက်ရေးဆိုင်ရာ စာရွက်စာတမ်းများအားလည်းကောင်း၊ အလှူရှင်တို့က ကျောင်းသုံးပစ္စည်းများအားလည်းကောင်း၊ နယ်စပ်ဒေသနှင့်တိုင်း ရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းဝတ်စုံနှင့် ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများအားလည်းကောင်း မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးသို့ အသီးသီး လွှဲပြောင်းပေးအပ်ကြသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်များသည် ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှု၍ **(အပေါ်ပုံ)** ကျောင်းသူ၊ ကျောင်းသားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

အကုန်အကျခံဆောင်ရွက်ခဲ့

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ခုနှစ် မေလအတွင်း ရှမ်းပြည်နယ်တွင် အခြေခံပညာကျောင်းဆောင် ၁၀၀ ဆောက်လုပ်ခဲ့ပြီး စီမံကိန်းကုန်ကျငွေ အမေရိကန်ဒေါ်လာသုံးသန်းအား နိပွန်ဖောင်ဒေးရှင်းမှ အကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ထီးချိုင့်၌ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်

ကသာခရိုင် ထီးချိုင့်မြို့နယ် ပညာရေးဌာနက ကြီးမှူးပြီး မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက ထီးချိုင့်မြို့ အထက်တန်းကျောင်း ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမြင့်ထူးက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ပညာရေးဌာနမှ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးဝင်းမြင့်ထူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်၊ အထက်တန်းကျောင်းအုပ် ဦးထိန်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကလောမြို့နယ် စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံလှူဒါန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်များ လှူဒါန်းပွဲကို မေ ၈ရက် နံနက်၁၀နာရီက အမှတ် (၅)ရပ်ကွက် ပြည်သူ့အလင်း စာပေဖြန့်ချိရေး စာအုပ်ဆိုင်၌ ကျင်းပရာ ဦးလှတင်(ငြိမ်း၊ ဆက်သွယ်ရေး)က မှုခင်းသတင်းဂျာနယ် ၁၉စောင်၊ ၂၄နာရီ ၇ရက် သတင်းဂျာနယ် ခုနစ်စောင်၊ လျှပ်တစ်ပြက်သတင်းဂျာနယ်နှစ်စောင် စုစုပေါင်းဂျာနယ် ၂၈စောင်နှင့် ဦးစိန်ဝင်း (မြို့နယ်သတင်းထောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်)က ရွှေသွေး စာစောင်၃၇စောင်၊ ဂျာနယ်မျိုးစုံစောင်ရေ ၃၀၊ မြတ်မင်္ဂလာဘာသာရေးစာစောင် ၁၀စောင်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ငါးအုပ်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ငါးအုပ်တို့ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းမော်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၄၀၈)

မိုးသီးနှံနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးတာဝန်ပေး

မြင်းခြံမြို့နယ် ၂၀၀၇-၂၀၀၈ခုနှစ် မိုးသီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၉ ရက်က မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်ဦးစီးဌာနတို့မှ မန်နေဂျာများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်နှင့်မြို့နယ်မန်နေဂျာများက မြို့နယ်အတွင်းရှိ ရှေ့တန်းရှစ်ခုမှ ရှေ့တန်းအဖွဲ့ ခေါင်းဆောင်ရှစ်ဦးတို့အား ၂၀၀၇-၂၀၀၈ခုနှစ် မိုးသီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေး စီမံကိန်းတာဝန်များ ပေးအပ်ကြသည်။ (၄၀၂)

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

အထူးကုဆရာဝန်ကြီးများ နောင်ချိုသို့ ကွင်းဆင်း ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းခွဲ ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ ပူးပေါင်း၍ မေ ၆၊ ၇ နှင့် ၈ ရက်များက ကျောက်မဲခရိုင် နောင် ချိုမြို့နယ်အတွင်းရှိ ကံကြီးကျေးရွာအုပ်စု၊ တောင်ရှည်ကျေးရွာအုပ်စုနှင့် ဘန့်ဘွေးကျေးရွာအုပ်စုတို့မှ ကျေးလက်ဒေသခံ တိုင်းရင်းသား ၁၀၆၇ ဦးတို့အား အထွေထွေရောဂါများကို အခမဲ့ ကွင်းဆင်းဆေးကုသပေးခဲ့ကြသည်။ အဆိုပါ ကွင်းဆင်းဆေးကုသရာသို့ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးစိုင်းနော်ခမ်းဦး၊ တွဲဖက်ပြည်နယ်အတွင်းရေးမှူးဒေါက်တာလှဆိုင်း(သွားဘက်ဆိုင်ရာဆရာဝန်)၊ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနဦးစီးမှူး ဦးဗိုလ်မြင့်နှင့် အထူးကုဆရာဝန်ကြီးများက ကြီးကြပ်ကုသ ပေးခဲ့ကြရာ ဒေသခံတိုင်းရင်းသား ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကြောင်း သိရသည်။ **(၂၄၇)**

မိုင်းရှူး၌ ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်း

လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် နွေရာသီ ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၃ရက် နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်နိုင်နှင့် ကျောင်းအုပ်ဆရာကြီးဦးတင်ဝင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဦးပြည်ယိုးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းကုသ

စစ်ကိုင်းတိုင်း ကသာခရိုင်ပြည်သူ့ဆေးရုံကြီးမှ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဦးသင်းလွင် ဦးဆောင်၍ သမားတော်ကြီးဒေါက်တာ ဒေါ်သီတာရီ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာဦးထွေးကိုကို၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မျိုးမျိုးအောင်မှူး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နီနီသန်း၊ လက်ထောက်ဆရာဝန် ဒေါက်တာဟန်တင့်ဇော်နှင့် သူနာပြုဆရာမများ လိုက်ပါလျက် ဗန်းမောက်မြို့နယ် ကြောင်လည်ကျေးရွာတွင် မေ ၁၂ရက်က လည်းကောင်း၊ ဗန်းမောက်မြို့တွင် မေ ၁၃ရက်က လည်းကောင်း ပြင်ပလူနာ ၂၃၇ဦးတို့အား ကျန်းမာရေးကြည့်ရှုစစ်ဆေးပေးပြီး ဆေးဝါးအခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ (က-ပ)

ရှင်းလင်းလွယ်ကူမြန်ဆန်သည့် အခွန်စနစ်၏အရှိန်အဟုန်တိုးတက်စေရန် ကြိုးပမ်း ဥပဒေနှင့်အညီဆောင်ရွက်မည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည် ဆက်စပ်သည့် အခြားဦးစီးဌာန၊ လုပ်ငန်းနှင့်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မေ၂၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ငွေစာရင်းဌာနခွဲနှင့် တိုင်းအခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေ၊ ယခုဘဏ္ဍာနှစ်အတွင်း အခွန်စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးနှင့် အထက်အဆင့် အရာထမ်းများနှင့် လုပ်ငန်း ဆက်စပ်ဆောင်ရွက်လျက်ရှိသည့်မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊အကောက်ခွန်ဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရ ဦးသိန်းထွန်းတင်တို့အားတွေ့ဆုံပြီး သတ်မှတ်လျာထားချက်များ ပြည့်မီကျော်လွန် သည့် အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သည့် အခွန်အခများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး၊ သတ်မှတ်ထားပြီးဖြစ်သည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူအများ နားလည်သဘောပေါက်နိုင်မည့် ရှင်းလင်း လွယ်ကူမြန်ဆန်သည့် အခွန်စနစ်၏ အရှိန်အဟုန်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းကြရေး၊ ရိုးဖြောင့်မှန်ကန် တာဝန်သိပြီး ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်မည့်ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်ရေး၊ ဌာနတာဝန်ခံ၊ဒေသတာဝန်ခံများအပါအဝင် တာဝန်ရှိသူအဆင့်ဆင့်ကစိစစ်ကြပ်မတ်လိုက်နာဆောင်ရွက်ကြရေး၊ လုပ်ငန်းဆက်စပ်လျက်ရှိသည့် အခြားဦးစီးဌာန၊ လုပ်ငန်းဌာန၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။ **(အပေါ်ယာပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က ပြည်ပသို့ ထွက်ခွာမည့်သူများအား စိစစ်ရေးအဖွဲ့ရုံးလုပ်ငန်းများတွင် Electronic Transfer နည်းလမ်းဖြင့် e-Banking ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်ပသို့ ထွက်ခွာမည့်သူများအား စိစစ်ရေးအဖွဲ့ရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာ့စီးပွားရေးဘဏ်၊ e-Transfer Service (1)၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အသုံးပြု၍ ငွေပေးသွင်းမှု လုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပေးလျက်ရှိ

မြန်မာ့စီးပွားရေးဘဏ်၏ e-Transfer Service လုပ်ငန်းသည် နိုင်ငံတော်အတွက် ပြည်သူလူထုက ပေးသွင်းငွေများကို မြန်မာ့စီးပွားရေးဘဏ်က သက်ဆိုင်ရာ ဌာနအသီးသီး၌ သွားရောက်လက်ခံရယူပြီး e-Transfer နည်းများ အသုံးပြုကာ ငွေလက်ခံခြင်း၊ မိခင်ဘဏ်နှင့်ဆက်သွယ်ခြင်း၊ ပြေစာထုတ်ပေးခြင်း၊သက်ဆိုင်ရာစာရွက်စာတမ်းများထုတ်ပေးခြင်းတို့ကို One Stop Serviceပေးခြင်းလုပ်ငန်း ဖြစ်ပြီး ဘဏ်နှင့်ဆက်သွယ်သူများအား ငွေပေးသွင်းသူက ဘဏ်များသို့ သွားရောက်ရန်မလိုအပ်ဘဲ အချိန်တိုအတွင်း လိုအပ်သည့် စာရွက်စာတမ်းများ ထုတ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက်မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ဓမ္မကထိက ဗဟုဇန ဟိတရေ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း သန်လျင်မြို့ စာတိုက်ကုန်း မင်္ဂလာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဓမ္မကထိက ဗဟုဇန ဟိတရေ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဉတ္တရအား ရေဝတီတိုင်း လပွတ္တာမြို့နယ် ပိုးလောင်းကြီး စံပြကျေးရွာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တသုမနနှင့် ရွာသူရွာသားများက ချီးကျူး ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မေ ၂၈ရက် ည ၇ နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်ကြီးခိုင်မင်းသန့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေတို့က ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး ဓမ္မကထိက ဘဒ္ဒန္တ စိန္တာမယ၊ ဘဒ္ဒန္တ နန္ဒိယတို့က ဂါထာများဖြင့် လည်းကောင်း၊ အကျိုးတော်ဆောင် နာယက ဦးမောင်မြင့်က ဆရာတော်၏ ထေရုပ္ပတ္တိကို လည်းကောင်း သီကျူးပူဇော်ကြသည်။ ထို့နောက် ဓမ္မကထိက ဗဟုဇနဟိတရေဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဥတ္တရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေကြသည်။

(က-ပ)

တိုးတက်နေသော ဆေးပညာရပ်များ မျက်ခြည်မပြတ်သင်ကြားပေးနိုင်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိ

လူနာများအား ကျန်းမာရေးအသိပညာပေးခြင်းကို အရေးကြီးအဓိကထား

ရန်ကုန် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီက ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး ဆေးပညာသင်ကြားရေးဆောင်ရွက်နေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကို သွားရောက်စစ်ဆေးသည်။

ဖြည့်ဆည်းမှာကြား

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် အနောက်ပိုင်း ဆေးရုံကြီးရှိ စာသင်ခန်းတွင် အမ်ဘီဘီအက်စ် နောက်ဆုံးနှစ်အပိုင်း(ခ) ကျောင်းသားကျောင်းသူများအား စာသင်ကြားမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသဆောင်၊ အခပေး လူနာကုသဆောင်ရှိ စာသင်ခန်းမ ပြင်ဆင်ထားရှိမှု၊ ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ သားဖွားမီးယပ်လူနာဆောင် စာသင်ခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ပေါင်းစပ်ဖြည့်ဆည်းပေး

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန် အနောက်ပိုင်းဆေးရုံကြီးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုအုပ်နှင့်သူနာပြုများအား တွေ့ဆုံ၍ ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်များအတိုင်း ရောဂါကာကွယ်ခြင်း၊ ကုသခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများ အရေးကြီးသည့်အလျောက် လာရောက်ကုသသော လူနာများအား ကျန်းမာရေး အသိပညာပေးခြင်းကို အရေးကြီး အဓိကထား ဆောင်ရွက်ပေးစေလိုကြောင်း၊ ဆေးကုသပေးရာတွင် လူနာ၏ အသက်နှင့် ယှဉ်ပြိုင်ဆောင်ရွက်ရသည့်အပြင် စီးပွားရေး၊ စာနာမှုများနှင့် ပတ်သက်၍ ထောက်ထားညှာတာ ကိုယ်ချင်းစာစိတ်များဖြင့် ကုသိုလ်ရအောင် ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်ကလည်း ခေတ်နှင့်အညီ တိုးတက်နေသော ဆေးပညာရပ်များကို မျက်ခြည်မပြတ် သင်ကြားပေးနိုင်ရန် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး **(အပေါ်ပုံ)** လိုအပ်ချက်များ၊ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့ သွားရောက်၍ ဆေးပညာသင်ကြားပေးလျက်ရှိသော ဆေးရုံကြီး၏ စာသင်ခန်းများ၊ စာသင်ခန်းမဆောင်၊ သားဖွားမီးယပ်ကုသဆောင်၊ သားဖွားဆောင်၊ ကလေးကုသဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားပြီး ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုအုပ်နှင့် သူနာပြုများအားတွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆေးရုံအုပ်ဒေါက်တာဒေါ်စန်းစန်းလှိုင်က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်ကြားရေး ဆေးရုံကြီးများအနေနှင့် ဆေးပညာသင်ကြားရေးနှင့် ဆေးကုသရေးအပိုင်း ဆောင်ရွက်ရသည်ဖြစ်၍ သင်ကြားပေးသော ဆရာဝန်ကြီးများ အချိန်နှင့်အမျှ အရေးကြီးလူနာများကို ကုသမှုပေးချိန်မှစ၍ ရောဂါပျောက်ကင်းသည်အထိ တာဝန်ယူ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ လူနာ၏ ကျန်းမာရေးအခြေအနေကို အမြဲမပြတ် ရှင်းလင်းပြရန် လိုအပ်ကြောင်း၊ ကျောင်းသားကျောင်းသူများအား ဆေးပညာသင်ကြားရာတွင် သိသင့်သိထိုက်သည့် ရောဂါလက္ခဏာများ ပြည့်ပြည့်စုံစုံ လက်တွေ့သင်ကြားပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း၊ ကုသမှုပေးသည့် ဆရာဝန်များအနေဖြင့် လူနာနှင့် လူနာမိသားစု ယုံကြည်အားကိုးမှု ရှိစေရန် အပြုအမူ အပြောအဆို ဝတ်စားဆင်ယင်မှုများကို အလေးထားဆောင်ရွက်ထားရှိရန် မှာကြားပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် မေ ၂၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 တွင် Processing Facilities များ တည်ဆောက်သည့်အခါ အထောက်အကူပြု အချက်အလက်များဖြစ်သော ရေအောက်အပူချိန်၊ ပင်လယ်ရေလှိုင်း အမြန်နှုန်းနှင့် အမြင့်တို့အား သိရှိနိုင်ရန်အတွက် Metocean Survey တိုင်းတာရေးကိရိယာ (ADCP) ကို ပင်လယ်ရေအောက်ကြမ်းပြင်တွင် ၂၀၀၇ခုနှစ် ဇွန်၁ရက်မှ ဒီဇင်ဘာ၃၁ရက်အထိ ခနစ်လခန့်ထားရှိ တိုင်းတာသွားမည် ဖြစ်သည်။

Metocean Survey တိုင်းတာရေးကိရိယာ (ADCP) ချထားတိုင်းတာဆောင်ရွက်မည့် တည်နေရာမှာ မြောက်လတ္တီတွဒ် ၁၉ဒီဂရီ၄၃ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀မိနစ်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 တွင် (ADCP) တိုင်းတာရေးကိရိယာ ချထားတိုင်းတာနေစဉ်ကာလအတွင်း တိုင်းတာရေးကိရိယာ ပျက်စီးမှုမှကာကွယ်နိုင်ရန်အတွက် အထက်ဖော်ပြပါ ရေိယာမှ ရေမိုင် တစ်မိုင်ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များ၊ ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)



☆ ရှေ့ဖုံးမှ

တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက် စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန် မြို့တော်ဝန်နှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ စာအောင်သံဃာတော်အရှင်သူမြတ်များ၏ တပည့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ပင့်ဆောင်

အခမ်းအနားမစတင်မီ နံနက် ၇ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာ တော်ကြီးများ၊ တိပိဋကဓရ ဆရာတော်များနှင့် စာအောင် သာသနာ့အာဇာနည် များအား မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သံဃာစင်ပေါ်သို့ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်ကြရာ ညွှန်ကြားရေးမှူး ဦးဇာနီဝင်းက အောင်သပြေစိုက် ပန်းဖလားကိုပိုက်၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ပန်းကလပ်ကို ကိုင်ဆောင်၍လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းညွန့်က ကွမ်းတောင်ကို ကိုင်ဆောင်၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က နိုင်ငံတော်သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို ပင့်ဆောင်ကြသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်က တိပိဋကဓရ ဩဝါဒါစရိယဆရာတော်များ ဆိုင်းဘုတ်ကိုကိုင်ဆောင်၍ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်ဆောင်သည်။

ယင်းနောက် ဦးစီးအရာရှိ ဦးကျော်လွင်က တိပိဋကဓရ တိပိဋကကောဝိဒ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ အား ပင့်ဆောင်သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးအောင်ထွေးက စာအောင်သံဃာတော်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကဓရအောင် သာသနာ့အာဇာနည်တစ်ပါး၊ မူလအဘိဓမ္မ ကောဝိဒအောင် သာသနာ့အာဇာနည် တစ်ပါး၊ မူလအာဘိဓမ္မိက အောင် သာသနာ့အာဇာနည်နှစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် သာသနာ့ အာဇာနည် သုံးပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည်လေးပါး၊ ဝိနယ ကောဝိဒအောင် သာသနာ့အာဇာနည် လေးပါး၊ ဝိနယဓရအောင် သာသနာ့ အာဇာနည် ၁၁ ပါး၊ ဥဘတော ဝိဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည် ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့အာဇာနည် အပါး ၄၀ စုစုပေါင်း သာသနာ့အာဇာနည် အရှင်သူမြတ် ၇၃ ပါးတို့အား ပင့်ဆောင်လာကြရာ ညွှန်ကြားရေးမှူး ဦးရဲဌွေးက ပန်းမိုးရွာလျက် လိုက်ပါလာသည်။

ယင်းသို့ ပင့်ဆောင်ချိန်တွင် နိုင်ငံတော်မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မပူဇာတေးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် အခမ်းအနားသို့ တက်ရောက် လာကြသော ပရိသတ်တို့ကလည်း ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ရိုသေညွှတ်တွား လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်ကြသည်။

ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်

ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။

(သတင်းစဉ်)

ဖတ်ကြားလျှောက်ထား

ထို့နောက် နံနက် ၈ နာရီတွင် (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ အခမ်း အနားမှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မ ဇောတိကဓဇ ဦးသူရက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထား သည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြရာ တေးသံရှင် မြင့်မြင့်ကြည်က မင်္ဂလာစောင်းအဖွဲ့နှင့် တွဲဖက်၍ ရောင်ခြည် တော်ဘွဲ့ ထူးမခြားနား သီချင်းခန့်ဖြင့် သီဆိုပူဇော်ပြီးနောက် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးတို့ကို တစ်ပြိုင်တည်း ကိုးကြိမ် တီးခတ်ပူဇော်ကြသည်။

သီလဆောက်တည်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပျံကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေး ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သာရဏီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

(**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ ဩဝါဒ ကထာကို သီးခြားဖော်ပြထားပါသည်။**)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများလျှောက်ထားရာတွင် ဥတုသုံးလီ ရာသီ ၁၂ လရှိသည့် အနက် နယုန်လအခါသည်ကား သာသနာတော်နှင့် ဆက်စပ်နေသော လတစ်လဖြစ်ပါကြောင်း၊ သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် နတ်တို့ ချစ်မြတ်နိုးအပ်သည့် မဟာသမယသုတ်တော်ကို ရဟန္တာမထေရ်မြတ်ငါးရာနှင့် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့အား ဟောကြားတော်မူသောလ ဖြစ်ပါကြောင်း၊ “ပွင့်ဖူးရိုးသွယ်၊ စံပယ်မြတ်လေး၊ သင်းပျံ့မွှေး၍၊ စည်းဝေးသဃ်ာ၊ အရိယာတို့၊ ရွှေစာမေးပွဲ၊ ထိန့်ရိုက်ကြဲမျှ” ဟူ၍ စာပေပညာရှင်တို့ ရေးစပ်သီကုံးခဲ့သည့်အတိုင်း ရှေးမြန်မာမင်းများ စာတော်ပြန်ပွဲ ကျင်းပရာ ရှေးခေတ်ပညာရှင် ရွှေပွဲကာလလည်း ဖြစ်ပါကြောင်း၊ သာသနာ့အာဇာနည် ပညာရှင်များရွေးချယ်ကြသည့် ကာလနှင့်ဆက်စပ်၍ တပည့်တော်တို့သည်လည်း ယခုအခါတွင် သာသနာ့အာဇာနည်များကို ထူးထူးခြားခြား ချီးမြှောက်ပူဇာ မင်္ဂလာမှု ကောင်းစွာပြုကြခြင်းပင်ဖြစ်ပါကြောင်း။

ယခုအခမ်းအနားကြီးသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များနှင့် စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်အပေါင်းတို့အား စုံညီစွာ ဖူးမြော်ကြည်ညိုခွင့် အကျိုးထူးတရားများရရှိသည့်အပြင် လောကီလောကုတ္တရာ

နှစ်ဖြာဌာနမှာ ဥစ္စာအမျိုးမျိုး တိုးပွားရာဖြစ်သည့် မင်္ဂလာတရားတော်တို့တွင် ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ သုပ္ပဋိပန္နဂုဏ် အကျင့်စုံသည့် ကြည်လင်ရွှင်လန်း ထေရ်ရှင် ရဟန်းတို့ကို ဖူးမြော်ကြည်ညိုရခြင်း စသည့်ကောင်းမြတ်သော မင်္ဂလာတရားတော်များနှင့် ပြည့်စုံစွာ ထူးမြတ်လှသော အခါတော်ပွဲသဘင်ကို ဆင်ယင်ကျင်းပရပါသဖြင့် ဝမ်းမြောက်ရွှင်ပြုံး နှလုံးကြည်သာကုသိုလ် မင်္ဂလာဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

အံ့ဖွယ်ရစ်ဖြာနှင့် ပြည့်စုံ၍ မွန်မြတ်သန့်စင်သော သီလ၊ ခိုင်ခံ့တည်ကြည်သောသမာဓိ၊ ဝေဖန်စိစစ် အနှစ်ရှာနိုင်သော ပညာဟူသည့် သိက္ခာသုံးရပ်တို့ဖြင့် အစအလယ်အဆုံး ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသော မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးတွင် သင်ယူလေ့ကျက် မှတ်သားနာယူအပ်သော ပရိယတ္တိသာသနာတော်သည် အခြေခံကျလျက် အရေးကြီးလှပါကြောင်း၊ ရေမြင့်လျှင်ကြာတင့်၊ ရေသောက်မြစ် ယုက်ဖြာ ပင်စည်ကိုင်း ခက်ဝေဆာ ဟူသကဲ့သို့ ဗုဒ္ဓဒေသနာ ပိဋကတ်တော်များကို ကျက်အံ့ကြဲကြည့် ဆည်းပူးမှတ်မိထားရသော ပရိယတ္တိသာသနာတော် မမေးမမှိန်ရောင်ရှိန်ဝင်းဝင်း၊ ထွန်းလင်းပါမှ ကျင့်ကြံ ကြိုးကုတ်အားထုတ်ပွားများရသော ပဋိပတ္တိ သာသနာတော်၊ အဖူးအငုံ အပွင့်အသီးဟူသော မဂ်ဖိုလ်နိဗ္ဗာန် အကျိုးရလဒ် ပဋိဝေဓသာသနာတော်တို့သည် ရောင်ဝါမပျက် တိုးတက်ဝေစည်နိုင်မည်ဖြစ်ပါကြောင်း။

မြတ်ဗုဒ္ဓဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားအစုရှိသော ဒေသနာတော်မြတ်များကို ရှေးအရိယာသခင် ရဟန္တာထေရ်ရှင်များကအစ ခေတ်အဆက်ဆက် မပျောက်မပျက် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြပါကြောင်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သုံးလလွန်မြောက်တွင် အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်၌ အရှင်မဟာ ကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့ ဦးဆောင်လျက် ပထမသင်္ဂါယနာတင်ရာတွင်လည်းကောင်း၊ သာသနာတော် နှစ် ၁၀၀ တွင် ဝေသာလီပြည်၌ အရှင်မဟာယသ စသည့် ရဟန္တာမထေရ်မြတ်ကြီးများ ဦးဆောင်လျက် ဒုတိယသင်္ဂါယနာတင်ရာတွင်လည်းကောင်း၊ သာသနာနှစ်(၂၃၅)တွင် ပါဋလိပုတ်ပြည်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ကြီးမှူးလျက် တတိယသင်္ဂါယနာတင်ရာတွင်လည်းကောင်း မြတ်စွာဘုရားရှင်၏ ပိဋကတော်သုံးပုံကို အာဂုံနှုတ်တက် ရွတ်ဆိုနိုင်ကြသည့် တိပိဋကဓရ ရဟန္တာမထေရ်မြတ်များ ပါဝင်ခဲ့ကြသည်ဟု မှတ်သားကြည်ညိုရပါကြောင်း၊ ထိုတိပိဋကဓရ ရဟန္တာမထေရ်မြတ်ကြီးများသည် ပိဋကတ်ဒေသနာတော်များကို နှုတ်တက်အာဂုံရရှိရုံမျှသာ မဟုတ်ကြပါ။ ဝိနိစ္ဆယ အနက်အဓိပ္ပာယ် အသွယ်သွယ်အဝဝ ဝေဖန်လေးနက် ခက်ခဲသောအရာတို့ကို သေချာကျန ကောင်းစွာသိမြင်သော ဝိနိစ္ဆယဉာဏ် သဘာဝတ္ထဉာဏ်နှစ်တန် စုံလင်သည့် ပညာရှိထေရ်ရှင်ကြီးများသာဖြစ်ပါကြောင်း။

သာသနာတော် နှစ်(၄၅၀)သို့ ရောက်ရာတွင်ကား ပိဋကသုံးပုံဆောင် ရဟန္တာမထေရ်ကြီးများကို မဆိုထားဘိ၊ တိပိဋကဓရ ပုထုဇဉ်ပုဂ္ဂိုလ်ကြီးများကိုပင် တွေ့ကြုံရန် ခဲယဉ်းလှသည်ဟု သိရှိရပါကြောင်း၊ ထိုခေတ်အခါအားဖြင့် ပိဋကသုံးပုံကို အာဂုံဆောင်နေရသောအခါပင် ဖြစ်သော်လည်း ပုဂ္ဂိုလ်တစ်ဦးတည်းက ပိဋကသုံးပုံစလုံးကို အာဂုံဆောင်ခြင်းမဟုတ်ဘဲ မိမိတို့စွမ်းဆောင်နိုင်သည့် တစ်ကျမ်းတစ်ဖွဲ့ကိုသာ အသီးသီးတာဝန်ယူခွဲဝေ၍ အာဂုံနှုတ်တက် ဆောင်ရွက်ခဲ့ကြသည်ဟု သိရှိရပါကြောင်း၊ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ သူပုန်ဘေး၊ ငတ်မွတ်ခေါင်းပါးဘေးတို့နှင့် ကြုံကြိုက်ခဲ့ရာ နောင်အခါ ပရိယတ္တိသာသနာ ပိဋကသုံးပုံ ချွတ်ယွင်းပျက်ပြား ပျောက်ကွယ်မည်ကို သီဟိုဠ်သံဃာတော်များ သတိသံဝေဂထားတော်မူကြကာ သီဟိုဠ်ဘုရင်ဝဋ္ဋဂါမဏိမင်းကြီး လက်ထက် မလယဇနပုဒ် အာလောကလိုဏ်ဂူ၌ စတုတ္ထသင်္ဂါယနာသဘင်ကျင်းပ၍ ပိဋကသုံးပုံကို ပေထက်အက္ခရာ တင်တော်မူခဲ့ကြောင်းလည်း သိရှိမှတ်သားရပါကြောင်း။

ထိုအချိန်မှစ၍ ပိဋကသုံးပုံ ဒေသနာအစုံစုံတို့ကို နှုတ်ပုံဆောင် စွမ်းရည်နှင့် ကျမ်းဂန်နှံ့စပ် ဝေဖန်စွမ်းရည်ရှိတော်မူကြသော တိပိဋကဓရပုဂ္ဂိုလ်များ ရှားပါးလာပြီး ရရှိတွေ့ကြုံခဲလှသော ဒုလ္လဘအာဇာနည်ပုဂ္ဂိုလ်များ ဖြစ်ကြပါကြောင်း၊ တပည့်တော်တို့၏ မြန်မာနိုင်ငံတော်၌လည်း ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် ပိဋကသုံးပုံကို ပြန်ဆိုနိုင်သည့် ရဟန်းတော်များအား ဖူးမြော်ဆည်းကပ်ခွင့် ရရှိစေရေးအတွက် မြို့တော်လေးပြင်ရှိ သာသနာ့ဦးသျှောင်မထေရ်မြတ်များအား လျှောက်ထားခဲ့ဖူးကြောင်း စာဟောင်း စာတမ်းများအရ သိရှိရဖူးပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၄၈ ခုနှစ်ကစ၍ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို စတင်ကျင်းပခဲ့ပြီး သာသနာ့အာဇာနည်မထေရ်မြတ်များကို ရွေးချယ်ဖော်ထုတ်ပါကြောင်း၊ အာဂမ, သဘာဝ နှစ်ဝစွမ်းရည်ပါရမီထူးရှိကြသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်များသည် ၃၃ ရက်တိုင်တိုင်ပင် ဖြေဆိုသည့်ကာလ ရှည်လျားလှသော စာမေးပွဲကြီး၌ စွမ်းရည်ဖြန့်ထား ဉာဏ်ကျက်စားကြရပါကြောင်း၊ ဗလငါးတန်၊ အားမာန်ဝင့်ခဲ၊ စွဲမြဲသတိ၊ ဉာဏ်သွားညီလျက် သမာဓိသမ္ပဒါ ပညာသမ္ပဒါနှစ်ဖြာတို့ဖြင့် အထပ်ထပ်ကြိုးကုတ် အားထုတ်ဖြေဆိုကြရပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို နှစ်စဉ်ပင် ကျင်းပလာခဲ့ရာ (၅၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ပြီးသည့်အထိ ပိဋကသုံးပုံစလုံး အာဂုံရေးဖြေအောင်မြင်တော်မူပြီးသော သာသနာ့အာဇာနည် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော် ၁၁ ပါး၊ ပိဋကသုံးပုံစလုံး အာဂုံပြန်ဆို အောင်မြင်ပြီး၍ ရေးဖြေ ဖြေဆို အောင်မြင်နိုင်ရေး ကြိုးပမ်းတော်မူနေသော တိပိဋကဓရ ဆရာတော် နှစ်ပါးတို့ ပေါ်ထွန်းခဲ့ပါကြောင်း၊ ယခု (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကသုံးပုံစလုံးကို အာဂုံ ပြန်ဆိုအောင်မြင်တော်မူပြီး တိပိဋကဓရ သာသနာ့ အာဇာနည် အရှင်မြတ်တစ်ပါး ပေါ်ထွက်လာသဖြင့် ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်ထိုက်လှပါကြောင်း။

(၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ သာသနာ့ အာဇာနည် အရှင်မြတ်တစ်ပါး အပါအဝင် အာဂုံပြန်နှင့် ရေးဖြေအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်များမှာ–

- ပိဋကသုံးပုံအာဂုံအောင် တိပိဋကဓရအရှင်မြတ် တစ်ပါး
- ပိဋကနှစ်ပုံခွဲ ရေးဖြေအောင် မူလအဘိဓမ္မကောဝိဒအရှင်မြတ် တစ်ပါး
- ပိဋကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒအရှင်မြတ် သုံးပါး
- ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒအရှင်မြတ် လေးပါး
- ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတော ဝိဘင်္ဂကောဝိဒအရှင်မြတ် ခုနစ်ပါး
- ပိဋကနှစ်ပုံခွဲ အာဂုံအောင် မူလ အဘိဓမ္မိကအရှင်မြတ် နှစ်ပါး
- ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏကအရှင်မြတ် လေးပါး
- ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရအရှင်မြတ် ၁၁ ပါး
- ဝိနည်းပထမပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ အရှင်မြတ် အပါး၄၀

စုစုပေါင်း သာသနာ့အာဇာနည် အရှင်မြတ် ၇၃ ပါးတို့ အောင်မြင်တော်မူခဲ့ကြပါကြောင်း။

ဤသို့ဖြင့် ဘုရားတပည့်တော်တို့ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပေါ်ထွန်းရန်ခက်ခဲလှသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးများအား စဉ်ဆက်မပြတ် ဖူးမြော်ပူဇော်ခွင့်ရရှိနေခြင်း၊ သာသနာတော်၌ အခြေခံကျသော ဂန္ထဓုရ သာသနာ့တာဝန်ကို ထမ်းဆောင်လျက် သာသနာတော်ကို စောင့်ရှောက်နေသူများဖြစ်ကြသည့် ထိုသာသနာ့အာဇာနည်များကို ချီးမြှောက်ပူဇော်လှူဒါန်းခွင့်ရရှိနေခြင်း၊ အရှင်မြတ်များ၏ ဟောကြားညွှန်ပြ တရားဓမ္မများကို နာကြားပူဇော်ခွင့်ရရှိနေခြင်းတို့သည် ထူးကဲလှသော ပညာပါရမီကုသိုလ် ဆည်းပူးခွင့်ကြီးဖြစ်ပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

ယခုကဲ့သို့ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့စေရန် စိတ်ရည်သန်လျက် ဘုရားတပည့်တော်တို့ ဆရာဒါယကာ ပါရမီဘုန်းအင်ကုသိုလ်ရှင်အများသည် ဓမ္မာနုဂ္ဂဟသာသနာ့တာဝန်ဖြင့် တစ်နည်း၊ ပစ္စယာနုဂ္ဂဟ အာမိသ အလှူထောက်ပံ့ပူဇော်မှုဖြင့် တစ်ဖြာ၊ ကိုယ့်တာဝန်ကိုယ်ယူလျက် ဆောင်ရွက်ကြသော သဒ္ဓါစေတနာ ကုသိုလ်ဇောအရှိန်အဟုန်တို့ကြောင့် တပည့်တော်တို့အားလုံးသည် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိအကျိုးများရရှိနိုင်ကြပါစေ၊ နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေ၊ သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ သန့်ရှင်းတည်တံ့ပြန့်ပွားပါစေဟူ၍ ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဘိဓမ္မာ ရှေ့ပိုင်း ငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ (အထူးအောင်) အရှင်ဝါသေဋ္ဌာလင်္ကာရထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။
(သတင်းစဉ်)

အောင်လက်မှတ်ဆက်ကပ်

ထို့နောက် တိပိဋကရွေးချယ်ရေး စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များကို ဆက်ကပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပိဋကသုံးပုံ အာဂုံအောင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသအား ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း ရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋက ကျောင်းတော်မှ အရှင်ပညာသိရီလင်္ကာရ၊ အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ (အထူးအောင်) အရှင်ဝါသေဋ္ဌာလင်္ကာရနှင့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်စက္ကိန္ဒ(မြိုင်)နှင့် ဒီဃနိကာယ် သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ပညာဝံသာလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဒီဃနိကာယ်သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်နှစ်ပါး၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် သုံးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဒီဃဘာဏကဘွဲ့

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ဒီဃနိကာယ် သုံးကျမ်း အာဂုံအောင် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် တစ်ပါးနှင့် ဝိနည်း နောက်ပိုင်းသုံးကျမ်း ရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် လေးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

လှူဖွယ်ပစ္စည်း လောင်းလှူ

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။
(သတင်းစဉ်)

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဝိနည်းနောက်ပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်ငါးပါးကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ဝိနည်း နောက်ပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ငါးပါးတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်သည်။

ဝိနယဓရဘွဲ့

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်က ဝိနည်းနောက်ပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် တစ်ပါးနှင့် ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတော ဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်နှစ်ပါးနှင့် ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတော ဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်လေးပါးတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့က ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ခြောက်ပါးစီတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာ ရေစက်ချတရားကို နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သံဃာတော် အရှင်သူမြတ်များသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သံဃာစင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပြန်လည်ကြွမြန်းတော်မူကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။ **(သတင်းစဉ်)**

27-5 (09) 1 5/26/07, 1:25 PM

တရုတ်စက်မှုကုန်စည်ပြပွဲ ဂျကာတာ၌ ခင်းကျင်းပြသ

ဂျကာတာ မေ ၂၆

တရုတ်ထိပ်တန်းကုမ္ပဏီများ ပါဝင်ပြသသည့် စက်မှုကုန်စည်ပြပွဲတစ်ရပ်ကို မေ ၂၄ရက်က ဂျကာတာမြို့၌ ဖွင့်လှစ်ပြသရာ စိုက်ပျိုးရေးအဆင့်မြင့် နည်းပညာထုတ်ကုန်များမှ ကားများအထိ ခင်းကျင်းပြသခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲမှာ တရုတ်ထုတ်ကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ မကြာသေးသည့်လများက တရုတ်နိုင်ငံ၌လည်း အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းများ ပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ချယ်ရီကားများလည်းပြသထားကြောင်း သိရသည်။

ကျင်းပ

ယင်းကုန်စည်ပြပွဲကို မေ ၂၇ရက်နေ့အထိ တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ပြသ

ကုန်စည်ပြပွဲတွင် တရုတ်ကုမ္ပဏီ ၅၄ခုက ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှား၌ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ လေယာဉ်မှူးသေဆုံး

မော်စကို မေ ၂၆

ရုရှားနိုင်ငံတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုကြောင့် လေယာဉ်မှူးတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရုရှားနိုင်ငံ အရေးပေါ်ဝန်ကြီးဌာနမှ မေ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

ပျက်ကျ

အဆိုပါရဟတ်ယာဉ်မှာ အမ်အိုင်-၂ ရဟတ်ယာဉ်တစ်စင်းဖြစ်ပြီး ရုရှားနိုင်ငံအနောက်တောင်ပိုင်း၌ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ရုရှားနိုင်ငံ အိုင်တာတက်စ် သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

၎င်းရဟတ်ယာဉ်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတာဝန်များအတွက် အသုံးပြုနေသော ရဟတ်ယာဉ်ဖြစ်ပြီး ပျက်ကျခဲ့ရသည့်အကြောင်းရင်းကို ချက်ချင်းမသိရသေးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စွမ်းရည်ပြသ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ယဉ်ကျေးမှုပွဲတော်ဖွင့်ပွဲ၌ ရေလျှောလျှောစီးစွမ်းရည် ပြသနေသည်ကို မေ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့လေကြောင်းမှတိုက်ခိုက် အရပ်သားလေးဦး ဒဏ်ရာရရှိ

ဂါဇာ မေ ၂၆

အစ္စရေးလေယာဉ်က ဂါဇာကမ်းမြောင်အလယ်ပိုင်းကို သောကြာနေ့က ဒုံးကျည်များဖြင့် ပစ်ခတ်သဖြင့် အာဏာရ ဟားမတ်စ် လှုပ်ရှားမှုအဖွဲ့ အသုံးပြုသည့်စခန်းတစ်ခုကို ထိမှန်ကြောင်း ဒေသခံများက ပြောဆိုသည်။

ဟားမတ်စ်အုပ်စု တိုက်ခိုက်ရေးသမားများအသုံးပြုသည့် ထိုစခန်းမှာ ဒုံးကျည်လေးစင်းဖြင့် တစ်ပြိုင်နက် ပစ်ခတ်အပြီး ထပ်မံ၍ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခြင်းဖြစ်သည်။

ဒဏ်ရာရ

ဒုတိယအကြိမ် တိုက်ခိုက်စဉ် ဟားမတ်စ် လိုလားသည့် အသံလွှင့်ဌာနမှ သတင်းထောက်တစ်ဦး အပါအဝင် အရပ်သားလေးဦး ဒဏ်ရာရသွားကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောဆိုသည်။ ဒဏ်ရာရသူများအနက် မည်သူမျှ စိုးရိမ်ရသည့် အခြေအနေမရှိဟု ဆိုသည်။

ပစ်မှတ်ထား

ဂါဇာမြို့ တောင်ဘက်တွင် အစ္စရေးက တိုက်ခိုက်ကြောင်း အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောဆိုသည်။ ဟားမတ်စ်စခန်းကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းတောင်ပိုင်း၌ တိုက်ခိုက် အရပ်သားငါးဦး သေဆုံးခဲ့ရ

ယာလာ(ထိုင်း) မေ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း၌အကြမ်းဖက်တိုက်ခိုက်မှု လေးနေရာဖြစ်ပွားရာတွင် ငါးဦး သေဆုံးပြီး ထိုင်းတပ်ဖွဲ့ဝင် ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က မေ ၂၄ ရက်၌ ပြောကြားသည်။

သေဆုံး

ထိုင်းတောင်ပိုင်း ယာလာပြည်နယ်ရှိ ရွာတစ်ရွာအတွင်းသို့ မေ၂၂ရက်က မျက်နှာဖုံးစွပ် သေနတ်ကိုင် ၁၀ ဦးခန့် ဝင်ရောက်ပြီး အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးအား ပစ်သတ်သွားခဲ့ကြောင်း၊ ထိုင်းတောင်ပိုင်း ပြည်နယ်သုံးခု၌ လွန်ခဲ့သော သုံးနှစ်မှစပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၂၁၀၀ ရှိသွားပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

အဆိုပါ လက်နက်ကိုင်များသည် အထက်ဖော်ပြပါ ကျေးရွာအတွင်း ဝင်ရောက်လာပြီး လူလေးဦးအား နေအိမ်လေးအိမ်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ရိုက်တာသို့ ဖုန်းဖြင့် ပြောကြားသည်။

ထိုနေ့က အခြားဖြစ်ရပ်တစ်ခုမှာ ယာလာမြို့၌ပင်အလုပ်သို့မော်တော်ဆိုင်ကယ်ဖြင့်သွားရောက်သူတစ်ဦးကို သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

ယင်းပြည်နယ်၌ ထိုင်းရဲတပ်ဖွဲ့ဝင် ၁၀ဦး စီးနင်းလိုက်ပါလာသော ထရပ်ကားတစ်စီး လမ်းဘေးဗုံးနင်းမိပြီး ပေါက်ကွဲခဲ့သဖြင့် ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ထိုင်းရဲအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၄၃၁ ဦး ရှိသွားပြီဖြစ်

ဘဂ္ဂဒက် မေ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မေ ၂၃ ရက်က သီးခြားတိုက်ပွဲတစ်ခု ၄၈ နာရီကြာဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ပြောကြား

ဘဂ္ဂဒက်မြို့တောင်ပိုင်း ငါးကီလိုမီတာအကွာ၌ မေ၂၁ရက်က ၎င်းတို့ကင်းလှည့်စဉ် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့အနောက်တောင်ဘက်တွင် ပေါက်ကွဲမှုထပ်မံဖြစ်ပွားရာ တစ်ဦးမက သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့၏ ဝန်းကျင်ဒေသ သုံးခု၌လည်း မေ ၂၂ရက်က တိုက်ခိုက်မှုဖြစ်ပွားရာ စကားပြန်တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်စစ်ဘက်၏ ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

အဆိုပါ တိုက်ခိုက်မှုများဖြစ်ပွားစဉ်အတွင်း လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကန်တပ်ဖွဲ့ဝင် နှစ်ဦးထက်မနည်းသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းနေ့၌ပင် အန်ဘာပြည်နယ်၌ လက်နက်ငယ်များပစ်ခတ်မှုကြောင့် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

၂၀၀၃ခုနှစ်ကတည်းက အီရတ်သို့ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ စတင်ဝင်ရောက်ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၄၃၁ ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မုန့်မျှော်စင်တက်ပွဲ

မုန့်များဖြင့် ပြုလုပ်ထားသော မျှော်စင်တစ်ခုအပေါ် တွယ်တက်နေသူများကို တွေ့ရစဉ်။ (ယာပုံ)



ဟောင်ကောင်တွင် မုန့်ချပ်ပေါင်း ၈၀၀၀ခန့်ဖြင့် တန်ဆာဆင်ထားသော အမြင့်၁၄မီတာရှိသည့် မျှော်စင်ပေါ်သို့ တက်ရောက်ပွဲတစ်ရပ် ကျင်းပခဲ့သည်။ ၎င်းပွဲ၌ ပါဝင်ဆင်နွှဲသူ ၁၄၉ဦးရှိရာ ပြိုင်ပွဲဝင်သူများသည် သုံးမိနစ်အတွင်း တန်ဆာဆင်ထားသော မုန့်များကို အိတ်အတွင်း အရေအတွက်အများဆုံးထည့်ပြီး အမြင့်ဆုံးလည်းတက်ရောက်နိုင်သူ ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ **(အင်တာနက်)**

ပုလင်းများဖြင့် စွမ်းရည်ပြသူ

ပုလင်းများကို ဆင့်ပြီး ထောင်ကာ စွမ်းရည်ပြနေသူတစ်ဦးအား တွေ့ရစဉ်။ (ဝဲပုံ)

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဆရီနာဂါမြို့တွင် ပဝမ်ကူမာ အမည်ရှိ အိန္ဒိယနိုင်ငံသားတစ်ဦးက ပုလင်းများကို လက်တစ်ဖက်တည်းဖြင့် ဆင့်ကဲပြိုမကျအောင် ထိန်းပြနိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

လေးပွင့်ဆိုင်ခြေစမ်းပွဲ ပဋ္ဌမမြောက်ပွဲစဉ် ဆက်လက်ကစား အဖြူရောင်အသင်းတိုက်စစ်မှူး သူရိန်စိုး၏သွင်းဂိုးဖြင့် အနိုင်ရ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၆

မြန်မာ့ဘောလုံးအသင်း လူရွေးချယ်ရေးအတွက် လေးပွင့်ဆိုင်ခြေစမ်းပွဲများ ကျင်းပနေသည်မှာ ပဋ္ဌမမြောက်ပွဲစဉ်အထိ ရှိလာခဲ့ပြီဖြစ်သည်။ မေ ၂၆ရက်ပွဲစဉ်အဖြစ် အပြာရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့ကြောင့် ပြိုင်ပွဲကစားရန် ပြင်ဆင်နေသော အပြာရောင်ဘောလုံးအသင်းမှ ဘောလုံးသမားအချို့နှင့် တွေ့ဆုံကာ ၎င်းတို့၏ ဖြတ်သန်းခဲ့ရမှုများကို မေးမြန်းခဲ့ရာ ပထမဦးစွာ မင်းကိုကိုက ပြောကြားရာတွင် **“ဇာတိက မကွေးမြို့ကပါ၊ မိခင်အသင်းက စီးပွား/ကူးသန်းမှာ ကစားနေပါတယ်။ အလယ်တန်းမှာ ကစားတာပါ။ အနီရောင်အသင်းနဲ့ ကစားတုန်းက သိပ်အားမရခဲ့ဘူး၊ အဝါရောင်အသင်းနဲ့ ပွဲမှာတော့ အားရအောင်ကစားနိုင်ခဲ့ပါတယ်။ မြန်မာ့လက်ရွေးစင်အဖြစ် တစ်ခါမျှ အရွေးမခံရသေးပါဘူး၊ အခုလေးပွင့်ဆိုင်မှာ အရွေးခံရဖို့ ကြိုးစားကစားနေပါတယ်”** ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

ထို့နောက် ယနေ့ပွဲ၌ ပါဝင်ကစားရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသော အပြာရောင်အသင်းမှ ဘောလုံးသမားတစ်ဦးအား ဆက်လက်မေးမြန်းရာ **“ ကျွန်တော့်နာမည်က အောင်ကိုမင်းပါ၊ မိခင်အသင်းက ကာကွယ်ရေးဖြစ်ပြီး အလယ်တန်းမှာ ကစားပါတယ်။ အရင်က အသက်၂၁နှစ်အောက် လူငယ်အသင်းမှာ ပဏာမအရွေးခံရဖူးတာကလွဲလို့ မြန်မာ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပွဲတွေမကစားရသေးပါဘူး၊ အခုလေးပွင့်ဆိုင် ခြေစမ်းပွဲမှာ နှစ်ပွဲကစားခဲ့ပြီးပါပြီ။ ခြေမဒဏ်ရာရရှိထားလို့ စိတ်တိုင်းကျ မကစားနိုင်ခဲ့ပါဘူး၊ အခုပွဲတွေက မြန်မာ့လက်ရွေးစင်ဖြစ်ဖို့အတွက် အခွင့်အရေးကောင်းတစ်ရပ်မို့ ကြိုးစားပြီးကစားသွားမှာပါ”** ဟုဖြေကြားသွားသည်။

ပဏာမအရွေးခံရဖူးတာကလွဲလို့ မြန်မာ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပွဲတွေ မကစားရသေးပါဘူး၊ ဒါကြောင့် ဒီလေးပွင့်ဆိုင် ခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အဖြစ် အရွေးခံရဖို့ ကြိုးစားကစားနေပါတယ်” ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရရေးအတွက် ဘောလုံးသမားများ စွမ်းအားအပြည့် ပါဝင်ကစားလျက်ရှိရာ အဖြူရောင်အသင်းမှ စည်သူမောင်နှင့် တွေ့ဆုံမေးမြန်းမှု ဆက်လက်ပြုလုပ်ခဲ့သည်။ **“အနီရောင်နဲ့ပွဲ၊ အဝါရောင်အသင်းနဲ့ ပြိုင်ပွဲတွေမှာ အဖြူရောင်အသင်းကနေပြီး ပွဲချိန်ကစားခဲ့ပြီးပါပြီ၊**

မင်းသူ ခေါင်းဆောင်သည့် အဖြူရောင်ဘောလုံးအသင်းအား တွေ့ရစဉ်။

နေဝင်းအောင်

တစ်ဖန် အဖြူရောင်အသင်း လေ့ကျင့်ပြင်ဆင်နေသည့် နေရာသို့ သွားရောက်ကာ ယနေ့ပွဲ၌ ပါဝင်ကစားသည့်ကစားသမားအချို့နှင့် တွေ့ဆုံကာ လေးပွင့်ဆိုင် ခြေစမ်းပွဲ၌ ကစားရမှုအနေအထားကို ဆက်လက်မေးမြန်းရာ အလယ်တန်းကစားသမား နေဝင်းအောင်က **“မိခင်အသင်းက ကာကွယ်ရေးပါ။ လေးပွင့်ဆိုင် ခြေစမ်းပွဲမှာ နှစ်ပွဲတော့ကစားပြီးပါပြီ ကစားရတာ သိပ်အားမရဘူး၊ အရင်က ယူ-၂၀မှာ ကစားခဲ့ရတဲ့ နှစ်ပွဲစလုံးမှာ စိတ်တိုင်းကျ အားရအောင် မကစားနိုင်ခဲ့ဘူး၊ ဒဏ်ရာရမှုက မရှိပါဘူး၊ ကြံ့ခိုင်မှုအပြည့်နဲ့ ကစားနိုင်ပါတယ်၊ အတတ်နိုင်ဆုံး အကောင်းဆုံး ကြိုးစားကစားနေပါတယ်”** ဟု ဖြေကြားသွားသည်။

ပြီးခဲ့သည့်ရက်များက ကျင်းပခဲ့သော လေးပွင့်ဆိုင် ခြေစမ်းပွဲများ၌ မြန်မာ့လူငယ်ဘောလုံးသမားများ အင်တိုက် အားတိုက် ကြိုးစားကစားခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည်။ ဘောလုံးသမားများ မိမိတာဝန်ယူကစားရသည့် အပိုင်းကို ကျွမ်းကျင်စွာ ကစားနိုင်ကြသည်။

ဟိန်းရာဇာဝင်း

ထို့နောက်အပြာရောင်အသင်းကစားသမားတစ်ဦးဖြစ်သည့် ဟိန်းရာဇာဝင်းက လေးပွင့်ဆိုင်ခြေစမ်းပွဲများ၌ ကစားခဲ့ရမှုအပေါ် မေးမြန်းရာ **“မြန်မာ့လက်ရွေးစင်အဖြစ် တစ်ကြိမ်မျှ အရွေးမခံရသေးပါဘူး၊ အခုလေးပွင့်ဆိုင် ခြေစမ်းပွဲမှာမြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရဖို့ ကစားတာဟာ ပထမဆုံးအခွင့်အရေးတစ်ခုပါပဲ၊ ပထမပွဲတွေမှာ အားရအောင်ကစားခဲ့ရတော့ မြန်မာ့လက်ရွေးစင်အဖြစ် မျှော်လင့်နေပါတယ်”** ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

စိုးမြတ်မင်း

တစ်ဖန် အပြာရောင်အသင်းတွင် ပါဝင်ကစားမည့် စိုးမြတ်မင်းကလည်း **“ကျွန်တော်ခြေချင်းဝတ်ဒဏ်ရာရထားလို့ အရင်ပွဲတွေမှာ မကစားနိုင်ခဲ့ဘူး၊ အပေါ့စား လေ့ကျင့်မှုတွေပဲ လုပ်နေရတယ်၊ အခုဒဏ်ရာသက်သာလာပြီဆိုတော့ ဒီနေ့ပွဲမှာဝင်ကစားမယ်၊ အတတ်နိုင်ဆုံး ကြိုးစားပြီးကစားသွားမှာပါ”** ဟု ပြောကြားသွားသည်။

ထို့နောက် အပြာရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ဘောလုံးစတင်ယှဉ်ပြိုင်ကစားရာ နှစ်သင်းစလုံး ပထမပိုင်း၌ ကွင်းလယ်ကစားကွက်အသာစီးရအောင်ကစားခဲ့ကြသည်။ အပြာရောင်အသင်းက အနီးပေးကစားကွက်ဖြင့် မြန်မြန်ကစား တိုက်စစ်ဆင်မှုကို အဖြူရောင်နောက်တန်းခံစစ်မှူးများက တည်တည်ငြိမ်ငြိမ် ဟန့်တားနိုင်ခဲ့ကြသည်။

အဖြူရောင်အသင်းသည် ညာတောင်ပံမှ ထိရောက်သော တိုက်စစ်ဆင်မှုများဖြင့် ဂိုးရရှိရေးကြိုးစားရာ ပထမပိုင်းပွဲချိန် ၂၅မိနစ်၌ အဖြူရောင်အသင်းမှ မင်းသူ ညာခြမ်းသို့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို တင်အောင်မိုး မနားတမ်းကန်သွင်းရာ အပြာရောင်ဂိုးသမားညီညီလွင်ပုတ်ထုတ်နိုင်၍ အဖြူရောင်အသင်း နစ်နာခဲ့ရသည်။

ကာကွယ်နိုင်

အဖြူရောင်အသင်း တိုက်စစ်ဆင်မှုများကို အပြာရောင်ဂိုးသမား ညီညီလွင် ရဲရဲထွက်၍ ကာကွယ်သွားနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း အပြန်အလှန် ထိုးဖောက် ကစားနိုင်ကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြချေ။

ဒုတိယပိုင်းစတင်သည်နှင့် အဖြူရောင်အသင်းက တိုက်စစ်ဆင် ထိုးဖောက်ကစားရာ ဒုတိယပိုင်းပွဲအစ ၄ါး မိနစ်ခန့်မှာပင် အပြာရောင် ဂိုးသမား ညီညီလွင် အန်ထွက်လာသည့် ဘောလုံးကို အဖြူရောင်တိုက်စစ်မှူး သူရိန်စိုးက အနီးကပ်ကန်သွင်းခဲ့သဖြင့် အဖြူရောင်အသင်း အဖွင့်ဂိုးရရှိခဲ့သည်။

အပိုင်ကန်သွင်း

အပြာရောင်အသင်း ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ အပြာရောင်အသင်း တိုက်စစ်မှူး ရန်ပိုင် ဘယ်ခြမ်းမှတစ်ဦးတည်း ဆွဲယူလာပြီး အပိုင်ကန်သွင်းခဲ့သော်လည်း ဂိုးဘားပေါ်ကျော်သွားခဲ့သဖြင့် နစ်နာခဲ့ရသည်။

နှစ်သင်းစလုံးသည် ဒုတိယပိုင်း ပွဲချိန်၌ အဝေးပေးနှင့် အနီးပေးဘောများကို မပြတ်တမ်းအသုံးပြုကစားသွားခဲ့ကြသဖြင့် ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။

အဖြူရောင်အသင်းသည် ဂိုးသွင်းမှု အခွင့်အရေးများရရှိခဲ့သော်လည်း အဆုံးသတ်မပိုင်နိုင်မှုများကြောင့် ဒုတိယပိုင်း ပွဲချိန်ပြီးသည့်အထိ ဂိုးထပ်မသွင်းနိုင်တော့သဖြင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရ ကျေနပ်ခဲ့ရသည်။

သူတို့ကစား

ယနေ့ပွဲတွင် အပြာရောင်အသင်း၌ **(ဂိုး)** ညီညီလွင်အပါအဝင် ဝင်းမင်းထွဋ်၊ ကျော်ဇေယျာဝင်း၊ ကျော်ခိုင်ဝင်း၊ စိုးလင်းထွန်း၊ ထွန်းထွန်းဝင်း၊ မင်းကိုကို(စိုးမြတ်မင်း)၊ အောင်ကျော်ထွန်း၊ ဟိန်းဇေယျာဝင်း(ချမ်းချမ်း)၊ ရန်ပိုင်နှင့် မိုးဝင်းတို့ ပါဝင်ကစားသွားကြသည်။ အပြာရောင်အသင်းအုပ်ချုပ်သူအဖြစ် ဦးတင်ဟန်က ဆောင်ရွက်ပြီး နည်းပြအဖြစ် ဦးဌေးမြင့်က တာဝန်ယူခဲ့သည်။

ပါဝင်ကစား

ထို့အတူ အဖြူရောင်အသင်း အုပ်ချုပ်သူအဖြစ် ဦးခင်မောင်တင့်နှင့် နည်းပြအဖြစ် ဦးကျော်လွင်တို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။ အဖြူရောင်အသင်းတွင် ပါဝင်ကစားခဲ့သူများမှာ **(ဂိုး)** ဇော်မိုးထက် အပါအဝင် ကျော်ဒွန်း၊ ဇော်ခါး၊ မင်းသူ၊ ဇော်လင်းထွန်း(၂)၊ နေဝင်းအောင်၊ ရာဇာစိုး(နိုင်ဝင်း)၊ အောင်သန်းဝင်း၊ တင်အောင်မိုး၊ အောင်ရဲထွဋ်(စည်သူမောင်)နှင့် မင်းမင်းထွန်းတို့ ပါဝင်ကစားသွားခဲ့ကြသည်။

(မြန်မာ့အလင်း)

ရန်ပိုင်ခေါင်းဆောင်သည့် အပြာရောင်ဘောလုံးအသင်းအား တွေ့ရစဉ်။

“အခု လေးပွင့်ဆိုင် ခြေစမ်းပွဲ ကစားရတာ ကိုယ်တိုင် သိပ်အားမရဘူး” စည်သူမောင် (အဖြူရောင်အသင်း)

“မြန်မာ့လက်ရွေးစင်အဖြစ် တစ်ကြိမ်မျှ အရွေးမခံရဖူးလို့ အခု အရွေးခံရအောင် အစွမ်းကုန် ကြိုးစား ကစားနေပါတယ်” နေဝင်းအောင် (အဖြူရောင်အသင်း၊အလယ်တန်း)

“ကျွန်တော် ခြေချင်းဝတ် ဒဏ်ရာရထားလို့ အရင်ပွဲတွေက မကစားနိုင်ခဲ့ဘူး၊ ဒီနေ့ပွဲမှ ကစားမှာပါ” စိုးမြတ်မင်း (အပြာရောင်အသင်း၊အလယ်တန်း)

“မြန်မာ့လက်ရွေးစင်အဖြစ် တစ်ခါမျှ အရွေးမခံရသေးလို့ ကြိုးစားနေပါတယ်” မင်းကိုကို (အပြာရောင်အသင်း)

“မြန်မာ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပွဲတွေ မကစားဖူးသေးပါဘူး” အောင်ကိုမင်း (အပြာရောင်အသင်း၊အလယ်တန်း)

“အခုကစားတာဟာ မြန်မာ့လက်ရွေးစင်ဖြစ်ဖို့ ကျွန်တော့်အတွက် ပထမဆုံးအခွင့်အရေးပါ” ဟိန်းရာဇာဝင်း (အပြာရောင်အသင်း၊တိုက်စစ်မှူး)

ကမ္ဘာတစ်လွှား အားကစား

မန်ယူကခေါ်ယူရန် ကြိုးစားနေသော တိုက်စစ်မှူးအဲလ်ဖက်စ်

လန်ဒန် မေ ၂၆

ပရီမီယာလိဂ် ရာသီအကုန်၌ ဘောလုံးသမား အရွှေ့အပြောင်းတွင် ခြေလှမ်းသွက်သွက် လှုပ်ရှားနေသော အသင်းမှာ လက်ရှိပရီမီယာလိဂ် ချန်ပီယံ မန်ယူအသင်းဖြစ်ပြီး လောလောဆယ်တွင် ဘိုင်ယန်မြူးနစ်မှ အိုဝင်ဟားဂရေ့ဗ်စ်ကို ရရှိထားပြီဖြစ်သည်။

မန်ယူက ဆက်လက်ရရှိရန် ပစ်မှတ်ထား ကြိုးစားနေသည့် ဘောလုံးသမားတစ်ဦးမှာ ဘရာဇီးတိုက်စစ်မှူး အဲလ်ဖက်စ်ပင် ဖြစ်သည်။ အဲလ်ဖက်စ်သည် ဟော်လန်ကလပ် ဟီရန်ဗင်းအသင်း၌ ကစားနေသူဖြစ်ပြီး ဟော်လန်ကလပ်များတွင် ဂိုးအများဆုံးသွင်းယူနိုင်သော တိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေသူ ဖြစ်သည်။

ရေပန်းစား

အဲလ်ဖက်စ်၏ အမည်အပြည့်အစုံမှာ အဖွန်ဆိုအဲလ်ဖက်စ်ဖြစ်ပြီး ဆွီဒင်ကလပ် မယ်လ်မိုအသင်းမှ ဟီရန်ဗင်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ၌ ဟီရန်ဗင်းအသင်းအတွက် ၃၄ဂိုးသွင်းယူပေးထားနိုင်ရာ ဥရောပရွှေဖိနပ်ဆုကိုရရှိရန် ထိပ်ဆုံးမှ ရေပန်းစားနေသူတစ်ဦးလည်း ဖြစ်သည်။

ဘရာဇီး၏ထွန်းတောက်လာမည့် တိုက်စစ်မှူး ကြယ်ပွင့်တစ်ဦးအဖြစ် ရေပန်းစားနေသော အဲလ်ဖက်စ်သည် ရှေ့တန်းတွင် တစ်ဖက်အသင်း နောက်ခံလူများကို ဝံ့ဝံ့စားစား ထိုးဖောက်ကစားနိုင်သူဖြစ်ပြီး ဂိုးသွင်းချက်များမှာလည်း တိကျသေချာသူဖြစ်သည်။

ရွေးချယ်ခံရ

ဘရာဇီးအသင်း လက်ရွေးစင် တိုက်စစ်မှူးများဖြစ်သော ရိုနယ်ဒို၊ ရော်နယ်ဒင်ဟိုတို့နောက်ပိုင်း ဘရာဇီး တိုက်စစ်မှူးအဖြစ် အောင်မြင်လာမည့် သူတစ်ဦးဖြစ်သည်။ အဲလ်ဖက်စ်သည် ဘရာဇီးဘောလုံးအသင်း တိုက်စစ်မှူး အဖြစ် လောလောဆယ် ရွေးချယ်ခြင်း ခံထားရပြီး ဇွန် ၁ ရက်၌ အင်္ဂလန်အသင်းနှင့်ကစားမည့် ဘရာဇီးအသင်းတွင် တိုက်စစ်မှူးအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

အဲလ်ဖက်စ်၏ ခြေစွမ်းကို အကဲခတ်ရန် ဝင်ဘလေကွင်း၌ ကစားမည့် အင်္ဂလန်နှင့် ဘရာဇီးတို့ပွဲကို မန်ယူနည်းပြဖာဂူဆန်အပါအဝင် မန်ယူကလပ်မှ အမှုဆောင်လူကြီးများ သွားရောက်ကြည့်ရှု လေ့လာကြမည်ဖြစ်သည်။

အစားထိုးမည်

မန်ယူတိုက်စစ်တွင် ဒဏ်ရာအနာတရဖြစ်ပါက အရန်သင့် အစားထိုးရန်အတွက် တိုက်စစ်မှူးကောင်းတစ်ဦး လိုအပ်နေလျက်ရှိရာ ၎င်းလိုအပ်ချက်ကို မန်ယူက အဲလ်ဖက်စ်နှင့် အစားထိုးမည်ဖြစ်သည်။

ခြေစွမ်းပြနိုင်

အဲလ်ဖက်စ်သည် ၁၉၈၁ခုနှစ် ဇန်နဝါရီ ၃၀ရက်၌ ဘရာဇီးနိုင်ငံတွင် မွေးဖွားခဲ့သူ အသက် (၂၆)နှစ်ရှိပြီဖြစ်ရာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်သည့် အရွယ်ပင်ဖြစ်သည်။ အရပ်မှာ ခြောက်ပေ တစ်လက်မ ရှိပြီး ကိုယ်

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

မန်ယူက ပစ်မှတ်ထားခေါ်ယူရန် ကြိုးစားနေသော ဘရာဇီးလက်ရွေးစင် ဟီရန်ဗင်းအသင်း တိုက်စစ်မှူး အဲလ်ဖက်စ်။ (ဓာတ်ပုံ-အင်တာနက်)

အလေးချိန် ၁၆၃ပေါင်ရှိရာ အရပ်မြင့် တိုက်စစ်မှူး တစ်ဦးပင် ဖြစ်သည်။

ဂိုးသွင်းနိုင်

အဲလ်ဖက်စ်သည် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ၌ ဆွီဒင်ကလပ် မယ်လ်မိုတွင် ချန်ပီယံလိဂ် နှစ်ပွဲကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သလို ယူအီးအက်ဖ်အေဖလား ဘောလုံးပွဲ၌လည်း မယ်လ်မို အသင်းအတွက် နှစ်ပွဲကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဟီရန်ဗင်းရောက်

အဲလ်ဖက်စ်၏ ဂိုးသွင်းခြေစွမ်းကို သဘောကျခဲ့သော ဟော်လန်ကလပ် ဟီရန်ဗင်းက ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမတိုင်မီ အရခေါ်ယူခဲ့သဖြင့် ဟီရန်ဗင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဟီရန်ဗင်းသို့ ရောက်ရှိလာသော အဲလ်ဖက်စ်သည် ဟော်လန်လိဂ် ပထမဆုံးပွဲစဉ်အဖြစ် အဒိုဒန်ဟက် အသင်းနှင့် ပွဲတွင်ဟီရန်ဗင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထိုပွဲ၌ ဟီရန်ဗင်းတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လေးဂိုးသွင်း

ယခုနှစ်တွင် ဟီရန်ဗင်းအသင်း၌ ခြေစွမ်းပြဂိုးသွင်းနိုင်ဆုံးပွဲမှာ ရာသီကုန်နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဖီယင်နအသင်းနှင့်ပွဲဖြစ်ပြီး ထိုပွဲ၌ ဟီရန်ဗင်းတို့က ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရာတွင် အဲလ်ဖက်စ်တစ်ဦးတည်းက လေးဂိုးသွင်းယူနိုင်ခဲ့သည်။

ဟက်ထရစ်ရ

အခြားပွဲများဖြစ်သည့် အက်ဖ်စီဂရွန်နင်ဂန်၊ အာရန်ဟင်းနှင့် အင်အေစီဘရီဒါတို့ပွဲများတွင်လည်း ဟက်ထရစ်ရရှိအောင် ဂိုးသွင်းခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ယခုနှစ် ဘောလုံးရာသီ၌ အဲလ်ဖက်စ် ၃၄ဂိုး သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အသင်းကြီးများခေါ်လို

အဲလ်ဖက်စ်အနေဖြင့် ထိုသို့ခြေစွမ်းပြ ဂိုးသွင်းနိုင်ခဲ့သော်လည်း ဟီရန်ဗင်းအသင်းမှာ ရာသီကုန်၌ ဟော်လန်လိဂ်တွင် ပဥ္စမနေရာသာ ချိတ်နိုင်ခဲ့သည်။ ခြေစွမ်းပြ ဂိုးသွင်းမှုအားကောင်းသော အဲလ်ဖက်စ်ကို ဥရောပထိပ်တန်းကလပ်အသင်းကြီးများကလည်း ခေါ်ယူရန် ကြိုးပမ်းလျက် ရှိနေသည်။

ဆွေးနွေး

မန်ယူကလပ်က လောလောဆယ်တွင် ဟီရန်ဗင်းအသင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေလျက်ရှိရာ အဲလ်ဖက်စ် မန်ယူသို့ရောက်ရှိခဲ့လျှင် မန်ယူတိုက်စစ်သည် ဂိုးသွင်း ထက်မြက်မှု အားကောင်းလာမည် ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဘီနာယွန်းသည် အသင်းနှင့် လေးနှစ်ထပ်မံစာချုပ်လိုက်သည်။**

* အက်ဖ်အေဖလားချန်ပီယံ ချယ်လ်ဆီးအသင်းသည် လာမည့်သီတင်းပတ်တွင် ပထမဆုံးအာဖရိကခရီးစဉ်အဖြစ် ဂါနာနိုင်ငံသို့ သွားရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။

* **ဒေးဗစ်ဘက်ခမ်းသည် ဇူလိုင်လတွင် အယ်လ်အေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ရာ အမေရိကန်တွင် အောင်မြင်လိမ့်မည်ဟု မထင်မိကြောင်း အမေရိကန်ကွင်းလယ်ကစားသမား ဖရက်ဒီအဒူက ဘက်ခမ်းအား သတိပေးပြောကြားလိုက်သည်။**

* ရုရှားတင်းနစ်အားကစားမယ် ရှာရာပိုဗာသည် အစ္စတန်ဘူလ်ဖလားပြိုင်ပွဲတွင် ပြင်သစ်မှ အေရာဗာနီရီဇိုင်းအား ရှုံးနိမ့်ပြီး အကြိုဗိုလ်လုပွဲမှ ထွက်ခဲ့ရသည်။

(အင်တာနက်)

မန်ယူကို ရောင်းချလိမ့်မည်မဟုတ် အသင်းပိုင်ရှင် ဂလေဇာမိသားစု ပြောကြား

ရေးသားသူ မြင့်မောင်စိုး

လန်ဒန် မေ ၂၆

မန်ချက်စတာယူနိုက်တက်အသင်းကို ပိုင်ရှင်မာကွန်းဂလေဇာက ရောင်းချရန် ရည်ရွယ်ချက်မရှိကြောင်း ဂလေဇာ၏မိသားစု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ပိုင်ဆိုင်လို

မာကွန်းဂလေဇာမိသားစုက မန်ယူအသင်းကို နှစ်ကာလကြာရှည်စွာ ပိုင်ဆိုင်ထားလိုကြောင်း သူမက ဆက်လက်ပြောကြားသည်။

ကြီးကြပ်လုပ်ကိုင်

မစ္စတာဂလေဇာသည် ၂၀၀၅ ခုနှစ်က မန်ယူအသင်းကို ဝယ်ယူပြီး ပေါင်သန်း ၇၉၀ ရင်းနှီးမြှုပ်နှံလျက် သားဖြစ်သူဂျိုးလ်အား ကြီးကြပ်လုပ်ကိုင်စေခဲ့သည်။ **(အင်တာနက်)**

မာကွန်းဂလေဇာနှင့် အသင်းပိုင်ရှင်များ။ (ဓာတ်ပုံ-အင်တာနက်)

လိုင်ယွန်နည်းပြ ဟူလီယာ အသင်းမှနုတ်ထွက်

ဟူလီယာ

လိုင်ယွန်အသင်းမှ နုတ်ထွက်သွားသော နည်းပြဟူလီယာ။ (ဓာတ်ပုံ-အင်တာနက်)

လိုင်ယွန် မေ ၂၆

လိုင်ယွန်နည်းပြ ဟူလီယာသည် ပြင်သစ် ပထမတန်းချန်ပီယံဆုဖလား ခြောက်ကြိမ်ဆွတ်ခူးခဲ့ပြီး လိုင်ယွန်အသင်းမှ နုတ်ထွက်သွားပြီ ဖြစ်သည်။

ဆွတ်ခူးပေးနိုင်ခဲ့

ဟူလီယာသည် လိုင်ယွန်အသင်းအား ပြီးခဲ့သောနှစ်ရာသီတွင် ပြင်သစ်ပထမတန်းဖလားနှင့် ပြင်သစ်စူပါဖလားတို့ကို ဆက်တိုက်ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ထို့အပြင် ၂၀၀၆ခုနှစ်က လိုင်ယွန်အသင်းအား ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အရောက် ပို့ပေးနိုင်ခဲ့သည်။

ပြင်သစ်နိုင်ငံသား အဆိုပါနည်းပြသည် ယခင်က ၁၉၉၈ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်အတွင်း လီဗာပူးအသင်း၌ နည်းပြတာဝန်ယူ ကိုင်တွယ်ပေးခဲ့ရာ ဖလားခြောက်လုံး ရယူပေးနိုင်ခဲ့သည်ဟုဆိုသည်။

ဆက်သွယ်ထား

အသက် (၅၉) နှစ်ရှိ ဟူလီယာသည် ပြင်သစ် လန်းစ်အသင်းနှင့် ပဲရစ်စိန့်ဂျာမိန်းအသင်းများတွင်လည်း နည်းပြလုပ်ခဲ့သူ ဖြစ်သည်။ ၎င်းသည် အင်္ဂလန်ပရီမီယာလိဂ် အသင်းတစ်သင်းသို့ ပြန်လာရန် အဆက်အသွယ်ပြုလုပ်ထားပြီဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

အသင်းခေါင်းဆောင်ဟောင်း ဘက်ခမ်းအား အင်္ဂလန်အသင်းနည်းပြက ပြန်ခေါ်လိုက်ပြီ

လန်ဒန် မေ ၂၆

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းအား အင်္ဂလန်အသင်းနည်းပြက ပြန်ခေါ်လိုက်ပြီဖြစ်သည်။ ၂၀၀၆ ကမ္ဘာ့ဖလားအပြီး အင်္ဂလန်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် တွေ့မြင်ရမည် ဖြစ်သည်။

ဒေးဗစ်ဘက်ခမ်း

အင်္ဂလန် အသင်း ခေါင်း ဆောင် ဟောင်း ဒေးဗစ်ဘက်ခမ်း (ဓာတ်ပုံ-အင်တာနက်)

ပြန်ခေါ်

အသက်၃၂နှစ်ရှိ ဒေးဗစ်ဘက်ခမ်းအား ဇွန် ၁ ရက်၌ ဘရာဇီးအသင်းနှင့် ကစား မည့် ချစ်ကြည်ရေးပွဲနှင့် ဇွန် ၆ ရက်တွင် အက်စ်တိုးနီးယားနှင့် ယူရိုခြေစစ်ပွဲများတွင် ပါဝင်ကစားရန် အင်္ဂလန်နည်းပြ မက်ကလာရင်က ပြန်ခေါ်လိုက်ပြီဖြစ်သည်။

အရေးကြီး

လူတိုင်းက ဒေးဗစ်ဘက်ခမ်းသည် ခြေစွမ်းရှိနေသေးသည့် ကစားသမားအဖြစ် ယူဆထားကြကြောင်း၊ အက်စ်တိုးနီးယားနှင့်ပွဲတွင် မိမိတို့အသင်းအား အောင်နိုင်မှုကို အဖြေရှာပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အက်စ်တိုးနီးယားနှင့်ပွဲသည် မိမိတို့အတွက်အလွန်အရေးကြီးသည့်ပွဲဖြစ်ကြောင်း နည်းပြ မက်ကလာရင်က ပြောကြားသည်။ **(အင်တာနက်)**

27-5 (12) 1 5/26/07, 1:25 PM

ဝိပဿနာစခန်း အကျင့်လမ်း တရားစခန်းပွဲ

ရန်ကုန် မေ ၂၆

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် အာဇာနည်လမ်း အောင်မင်္ဂလာ သီလရှင်စာသင်တိုက်၌ နယုန်လဆန်း ၁၄ရက် (ဇွန် ၂၉ ရက်) မှ နယုန်လပြည့်ကျော် ၁၀ရက် (ဇွန် ၁၀ရက်) အထိ ဝိပဿနာစခန်းအကျင့်လမ်း ၁၀ရက် အထူးတရားစခန်းပွဲကြီး ကျင်းပမည်ဖြစ်ရာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတ (သာသနတက္ကသီလ မဟာဓမ္မာစရိယ)နှင့် ဆရာမကြီး ဒေါ်ခင်အေး (စူဠအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏ ဥာဏဓဇ)တို့က ဟောညွှန်ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ အထက်ပါ ရိပ်သာဖုန်း–၀၄၆–၂၀၄၁၄ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

သက်ရှိ

လောက

တည်မြဲဖို့

သဘာဝ

တောတွေ

ထိန်းသိမ်းစို့။

မင်္ဂလာညွှန့်ခံပွဲကျေးဇူးတင်လွှာ

မုံရွာမြို့နေ
ဦးဝင်းအောင်–ဒေါ်ဂျမ်း(ခ)ဒေါ်ကြည်ကြည်စန်း(ပန်းကမ္ဘာနေကြာလုပ်ငန်း) တို့၏သားကြီး

ဗိုလ်ကြီးအေးကိုကို
B.E (Electrical Power) (DSTA), M.Sc (Engg: & Tech) (Electrical Power), Ph.D (Candidate)

နှင့်

ဘားအံမြို့နေ
ရဲမှူးကြီးတင်သောင်း(ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး)–ဒေါ်လှလှကြည်တို့၏ တစ်ဦးတည်းသောသမီး

မသိမ့်သိမ့်သောင်း B.Sc (Botany)
Post Graduate Diploma in Teaching

တို့၏ ၂၅–၅–၂၀၀၇ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပပြုလုပ်သော လက်ထပ်ထိမ်းမြားမင်္ဂလာညွှန့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းအမှူးပြုသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ အောင်မင်္ဂလာစံပယ်ပန်းကုံးနှင့် လက်ထပ်မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးခင်ကြူးနှင့် ဇနီး ဒေါ်မာမာလှ၊ မင်္ဂလာအခမ်းအနားမှူးဦးသင်မြင့်သန်း၊ သတို့သားအရံ ဗိုလ်ရဲမင်းထွဋ်နှင့် ဗိုလ်ကျော်ထွန်းနိုင်၊ သတို့သမီးအရံ မဝင့်ဝင့်ထက်အောင်နှင့် မစုမြတ်နွယ်အောင်၊ မင်္ဂလာပန်းကြဲပေးသော မတက်တက်လှိုင်၊ အောင်မင်္ဂလာစံပယ်ပန်းကုံးနှင့် လက်ထပ်မင်္ဂလာလက်စွပ်ဆက်ကမ်းပေးသော မခင်လှမဉ္ဇူ၊ အခမ်းအနား ပန်းအလှဆင် မြဝတီမှ ကိုအောင်မင်းနှင့်အဖွဲ့၊ ဆံပင်မိတ်ကပ်အလှပြင် ဇော်ဇော်(ထီလာ)၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံဗီဒီယို ကိုအောင်မိုးနှင့်နိုင်နိုင်၊ ချိုတေးသံလွင်တေးဂီတအဖွဲ့၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအေးကိုကို–မသိမ့်သိမ့်သောင်း။

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပြည်မြို့နေ ဦးရှိန်–ဒေါ်ခင်ငွေနှင့် ရန်ကုန်မြို့နေ
ဦးမောင်မောင်ခင်[ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ရုပ်ရှင်ကော်ပိုရေးရှင်း၊ပြန်ကြားရေးဝန်ကြီးဌာန]–ဒေါ်သန်းသန်းနွဲ့တို့၏မြေး၊
ဦးခင်မောင်အေး Manager (Export Division) Diamond Star Co.,Ltd.–ဒေါ်နွယ်နွယ်ခင်[ဌာနခွဲမှူး၊ငြိမ်း၊MICS]တို့၏သားငယ်

လင်းကျော်သူ Final Year(B.D.S)
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)

နှင့်

ရန်ကုန်မြို့နေ ဦးညွန့်ဆွေ[ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်၊ငြိမ်း]–ဒေါ်သက်သက်ဆွေနှင့်
ဦးပေါ်ခန်သန်း[ဒုတိယဝန်ကြီး၊ငြိမ်း]–ဒေါ်အေးအေးသန်းတို့၏မြေး
ဦးဇော်ဦးဆွေ–ဒေါ်နုနုတို့၏သမီးငယ်

ချမ်းငြိမ်းဇော် B.A(English)YUFL
Secretary(ABE Department), Europ Continents Myanmar

တို့သည် ၂၆–၅–၂၀၀၇ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Park Royal Hotel ၌
နှစ်ဖက်သောဘိုးဘွားမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် ဓေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောဘိုးဘွားမိဘများနှင့်
လင်းကျော်သူ–ချမ်းငြိမ်းဇော်။

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တောင်ကြီးမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဒေါနသစ္စာလမ်းနေ
ဦးတင်အုံး–ဒေါ်တင်နု တို့၏သားကြီး

ဗိုလ်ကြီးဇော်မင်းထွေး (B.E. Civil- D.S.T.A 4th INTAKE)

နှင့်

လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း၊ အမှတ် (၀/၇၇)နေ
ဦးစက်ကြည်(လက်ထောက်အင်ဂျင်နီယာ၊ မြို့ပြ)–ဒေါ်မြင့်မြင့်စန်းတို့၏
တစ်ဦးတည်းသောသမီး

မယုယုကြည် A.G.T.I (Civil), B.Sc (Maths)
အငယ်တန်းအင်ဂျင်နီယာ(၄)မြို့ပြ
လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)

တို့သည် ၁၉–၅–၂၀၀၇ ရက် (စနေနေ့)၌ နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက် ခန္တီးမြို့တွင် ဓေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်မင်းထွေး–မယုယုကြည်။

ကမ္ဘာ့သက်ငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အဖွဲ့ထွက်ခွာ

ရန်ကုန် မေ ၂၆

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင် မေ၂၉ရက်မှ ဇွန် ၁ ရက်အထိ ကျင်းပမည့် Jakarta World Junior Golf Championship ကမ္ဘာ့သက်ငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူနှင့်နည်းပြအဖြစ် ဦးဆန်းထွန်း (Golf Professional)၊ အားကစား သမားများအဖြစ် နေဗလဝင်းမြင့်၊ ဇွဲလင်းငွေ၊ စွမ်းသီဟအောင်၊ မေလီ၊ ယဉ်မေမျိုးနှင့် မိဘအုပ်ထိန်းသူများ အပါအဝင် ၁၃ဦးတို့ပါဝင်သော မြန်မာဂေါက်သီးရိုက်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်ထားသော Han Golf Masters Academy သင်တန်းကျောင်းတွင် စခန်းသွင်းလေ့ကျင့်ပေးကာ ပြုစုပျိုးထောင်ပေးထားသော လူငယ်ဂေါက်သီးရိုက် အားကစားသမားများဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့သက်ငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ပါဝင်မည့် မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့။
(ဂေါက်အဖွဲ့ချုပ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အိန္ဒိယအရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံးပြီး ၁၈ ဦးဒဏ်ရာရရှိ

အက်ဆမ် မေ ၂၆

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အက်ဆမ်ပြည်နယ်၌ မေ ၂၆ရက်က ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ခုနစ်ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ အက်ဆမ်ပြည်နယ် ဂူဝါဟာတီမြို့ လူစည်ကားရာ ဈေးတစ်ဈေး၌ ဆိုက်ကားတစ်စီးအတွင်း ဝှက်ယူလာသောဗုံးမှ ပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။

အပြစ်ဖို့

ယင်းဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း၊ သို့သော်လည်း ရဲအဖွဲ့က ယင်းပြည်နယ်ရှိ သူပုန်အဖွဲ့ကို အပြစ်ဖို့ထားကြောင်း သိရသည်။ အဆိုပါဗုံးပေါက်ကွဲမှုကြောင့် အခြားလူ ၁၈ ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မေ ၂၆ရက် က အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အက်ဆမ်ပြည်နယ်၌ ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမား ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် မေ ၂၆

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ မေ ၂၁ရက် နံနက် ၁၁ နာရီခန့်တွင် ကျောက်ကြီးမြို့နယ် တုံးတံတားကျေးရွာမှ ဦးရီ၏သမီး မစိန်ဖော့ အသက် ၂၁ နှစ်သည် အဖော်ဖြစ်သူများနှင့်အတူ အင်ဥကောက်ရန် တောတွင်းသို့သွားရောက်စဉ် ကျောက်ဖျာအင်း၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ မစိန်ဖော့၏ ဘယ်ဘက်ခြေထောက် ခြေမျက်စိအထက်မှပြတ်ကာ ညာဘက်မျက်စိအထက် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါမိုင်းထိဒဏ်ရာရရှိခဲ့သည့် မစိန်ဖော့အား သက်ဆိုင်ရာတာဝန်ရှိသူများက မုံးတိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

27-5 (13) 1 5/26/07, 1:25 PM

စုလျားရစ်ပတ် ထိမ်းမြားပြီးစီးခြင်း

ဦးညွန့်မောင်စန်း အင်ဂျင်နီယာချုပ်(အဆောက်အအုံ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့်
ဒေါ်ထိပ်တင်စိုး ဒု-အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တို့၏ တစ်ဦးတည်းသောသား

မောင်သက်မောင်စန်း B.E (Civil)

အငယ်တန်းအင်ဂျင်နီယာ(၂)
လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၁)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
နှင့်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ
ဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး(မြန်မာ့နှစ်ရှည်ပင်)နှင့်
ဒေါ်အေးအေးသန့်တို့၏ သမီးကြီး

မနှင်းအိဝင်း B.E (Civil)

အငယ်တန်းအင်ဂျင်နီယာ(၂)
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တို့သည် ၂၀-၅-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ စုလျားရစ်ပတ် ဘိသိက်သွန်းထိမ်းမြားပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်မောင်စန်း-မနှင်းအိဝင်း။

ကျေးဇူးတင်လွှာ

၈-၄-၂၀၀၇ရက်တွင် ကျင်းပသော မင်္ဂလာနှုတ်စကား နားဖောက်အခမ်းအနားတွင် ဆုံးမသြဝါဒချီးမြှင့်ပေးသော အငြိမ်းစားသံအမတ်ကြီး ဦးကိုကိုကြီးအားလည်းကောင်း၊ ၁၇-၅-၂၀၀၇ရက်တွင် Sedona Hotel (Executive Club)၌ကျင်းပသော မော်ကွန်းတင်လက်မှတ်ရေးထိုးမင်္ဂလာအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းကျော်နှင့် ဗိုလ်မှူးကြီးရှုမောင်(ငြိမ်း)တို့အားလည်းကောင်း၊ ၂၀-၅-၂၀၀၇ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသော ဘိသိက်သွန်း ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် ရေစင်သွန်းစုလျားရစ်ပတ် ထိမ်းမြားပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကို၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်တကွ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၆-၅-၂၀၀၇ရက်တွင် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးသို့ကြွရောက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စုလျားရစ်ပတ် အခမ်းအနားတွင် အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဒေါ်ရီရီသန့်၊ မေတ္တာဖြင့်ရတနာဆင်မြန်းပေးသော May & Mark Gems မှ ဒေါ်ခေါင်နွမ်နန်း၊ မင်္ဂလာဝတ်စုံ မမဥ္ဇူ၊ အလှမိတ်ကပ် စိုးစိုး၊ မင်္ဂလာပန်းအလှဆင်ပေးသော Eternal Flowers၊ ဗီဒီယိုဓာတ်ပုံ မှတ်တမ်းတင် ဝဏ္ဏခွာဏီး၊ မင်္ဂလာပန်းကြဲပေးသော မောင်ကောင်းထက်နိုင်၊ မရွှန်းလဲ့နိုင်၊ မခိုင်မဇော်နှင့် မအေးမြဆွေ၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မဆုမျိုးထွဋ်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မသန်းသီတာ၊ သတို့သား သတို့သမီးအရံအဖြစ်ကူညီပေးသော Examplez အဖွဲ့မှ ထွန်းထွန်း၊ သက်အောင်၊ ချိုကြည်ကြည်ဇင်နှင့် ခင်ပြည့်ဖြိုးတို့အားလည်းကောင်း၊ Sedona Hotel မှ မ Stella နှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးသော ဒေါက်တာမျိုးသန့်နှင့်ဇနီးဒေါ်ယုဇော်၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်မောင်စန်း-မနှင်းအိဝင်း။

၂၅-၅-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း-[illegible]	အမေနှင့်သမီးများ	[illegible]
သွင် ဖုန်း-[illegible]	အမေနှင့်သမီးများ	[illegible]
မင်္ဂလာ ဖုန်း-[illegible]	အမေနှင့်သမီးများ	[illegible]
ရွှေဆောင် ဖုန်း-[illegible]	300	GERARD BUTLER, LENA HEADEY DAVID WENHAM, DOMINIC WEST
နေပြည်တော် ဖုန်း-[illegible]	SHOOTER	MARK WAHLBERG, MICHAEL PENA DANNY GLOVER, KATE MARA
ဝင်းလိုက်(မန္တလေး) ဖုန်း-[illegible]	အမေနှင့်သမီးများ	[illegible]
မြို့မ(မန္တလေး) ဖုန်း-[illegible]	အမေနှင့်သမီးများ	[illegible]

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

(၃၃)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမြင့်သိန်း** [လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်]နှင့် ချစ်မေမေ **ဒေါ်ခင်လှမြင့်** (မြင့်မိသားစုစတိုး)တို့၏ ၂၇-၅-၂၀၀၇ရက်တွင်ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း(၁၀၀)ကျော်တိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

သားကြီး – မောင်မြင့်နိုင်ဦး
သမီးကြီး – မလဲ့လဲ့မြင့်သိန်း
သမီးလတ် – မယုယုမြင့်သိန်း
သမီးငယ် – မနွယ်နွယ်မြင့်သိန်း
ချစ်တူမလေး – မခင်ပပဦး
ချစ်တူလေး – မောင်ဖွဲ့ရောင်နီသစ်။

မင်္ဂလာဆုတောင်း

သားကြီး **ဦးမြင့်သိန်း** [လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်]နှင့် သမီးကြီး **ဒေါ်ခင်လှမြင့်** (မြင့်မိသားစုစတိုး)တို့၏ ၂၇-၅-၂၀၀၇ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့် မင်္ဂလာရက်မြတ်မှ နှစ်ပေါင်း (၁၀၀)ကျော်အထိ အောင်မြင်ပျော်ရွှင်မှုများစွာဖြင့် ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေ။

မေမေ-ဒေါ်သိန်းချစ်နှင့် ချစ်သော မောင်၊ ညီမများ
မြင့်မိသားစု"သယ်ယူပို့ဆောင်ရေး"၊ သုဝဏ္ဏ။

မလေးရှားလုပ်ငန်းခွင် အကြိုသင်တန်းတက်ရောက်ရန် သင်တန်းသားခေါ်ယူခြင်း

၁။ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် မလေးရှားလုပ်ငန်းခွင် အကြိုသင်တန်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် Winbond Management and Consultant Sdn Bhd.တို့ ပူးပေါင်းလျက် ၄-၆-၂၀၀၇ ရက်မှစ၍ သင်တန်းပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကျောင်း ဖွင့်လှစ်မည့်နေရာမှာ အေးမြကြည်လင်ရပ်ကွက်၊ နည်းပညာတက္ကသိုလ်ဝင်း၊ ကျောက်ဆည်မြို့ ဖြစ်ပါသည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် အောက်ဖော်ပြပါလိပ်စာတွင် ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။

တိုက် ၆၊ အခန်း ၄၀၃၊ စံပယ်လမ်း၊ ယုဇနပလာဇာအနောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁-၁၆၀၃၅။

Winbond Management & Consultant Sdn Bhd.

အမည်ပြောင်း

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နေ ဦးဌေးအောင်၏သား လှိုင်းနန္ဒာအောင်အား လင်းထက်ဘုန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်လင်းထက်ဘုန်း ၅/ခဉတ(နိုင်)၀၆၄၀၂၆။

ဓာတ်ပုံ [illegible]

ဒေဘာဂဗေဒ အထူးသီးသန့်သင်တန်းများ

၃၅၇၊ ဆိပ်ကမ်းသာလမ်း (လှူရွှေလမ်း)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-[illegible]

တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ဆူးလေအနီး၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ပန်းဆိုးတန်းလမ်းကြား ကုန်သည်လမ်းမကြီးပေါ်ရှိ (50' x 56') တိုက်ခန်းရောင်းမည်။

ဖုန်း-၀၉-၅၁၂၄၉၀၃။

စိတ်မပျက်ပါနှင့်

၁၁/၂၀၀၅ ဗဟိုဆေး [illegible]

အဝေရာ

Capsules ကိုသောက်

၁။ သွေးတိုးကျဆေး Capsule
၂။ အသည်းအားတိုးဆေး Capsule
၃။ သွေးချို၊ ဆီးချိုကျဆေး Capsule
၄။ အမောရုံ့နှလုံးအားတိုးဆေး Capsule
၅။ အဆစ်ရောင် လေးဖက်နာသောက်ဆေး Capsule
၆။ နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအတွက် နှလုံးသွေးသန့်ဆေး Capsule

ဦးအောင်ကိုလတ်နှင့်အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင် ၃ လမ်း၊ အမှတ် ၁၂၇၁တွင် နေထိုင်၍ နိုင်ငံသားအမှတ် ၁၂/ဗဟန(နိုင်)၀၇၉၇၉၁ကို ကိုင်ဆောင်သူ ဒေါ်ခင်ခင်လေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်တော်၏အမှုသည် ဒေါ်ခင်ခင်လေးနှင့် ဒေါ်ခင်ခင်ကြီးသည် ညီအစ်မအရင်းဖြစ်ပြီး ဒေါ်ခင်ခင်ကြီးသည် ၂၅-၅-၂၀၀၇ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ခင်ခင်ကြီးမကွယ်လွန်မီက ၎င်း၏အမည်ပေါက်သော ကက/၈၁၄၃ တိုယိုတာ ကိုရိုနာကားအပြင် ကားသုံးစီးနှင့် ဒေါ်ခင်ခင်ကြီးပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများသည် ဦးအောင်ကိုလတ် ၁၂/မဂတ(နိုင်)၀၂၁၄၆၉ အမှတ် ၁၀၅၊ ၉၁လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေထိုင်သူထံတွင် ကျန်ရှိနေပါသည်။

ထို့ကြောင့် အဆိုပါပစ္စည်းများကို အမွေဆိုင် ဒေါ်ခင်ခင်လေး၏ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ အာမခံထားခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ရန် ဦးအောင်ကိုလတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်ဝင်း
တရားရုံးချုပ်ရှေ့နေ။

ရန်ကင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော (၂၃)ကြိမ်မြောက် ယဉ်ကျေးမှုသင်တန်း ဆုပေးပွဲကို မေ ၂၅ရက်က မိုးကောင်းစေတီတော် ဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပရာ အထူးအောင်သင်တန်းသားအား ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးကျော်မင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်ပအလုပ်အကိုင်ကြော်ငြာ

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင်မှတ်ပုံတင်ထားသော **"သုခစုစံကုမ္ပဏီ"** ၏စီစဉ်ဆောင်ရွက်မှုဖြင့် စင်္ကာပူနိုင်ငံ PSA Corporation Limited တွင် တာဝန်ထမ်းဆောင်ရန်အတွက်အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များအား လာရောက်ရွေးချယ်ခေါ်ယူပါမည်

- ✱ လျှပ်စစ်လုပ်သား - (၁၅)ဦး (အသက် ၃၅နှစ်အောက်)
- ✱ ပညာအရည်အချင်း - B.E (or) A.G.T.I (Electrical/ Mechanical)
- ✱ အခြေခံလစာ - တစ်လလျှင် S$(800) + O.T
- ✱ ဝန်ဆောင်ခ - S$ 2,400 နှင့်ညီမျှသောမြန်မာကျပ်ငွေ။

အသေးစိတ်ကို ကာယကံရှင်ကိုယ်တိုင် ကုမ္ပဏီတွင်စုံစမ်းနိုင်ပါသည်။

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ

အမှတ်(107)မြေညီ၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။ Tel: 392233/253298/386877 Website: www.tksstkss.com

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၆-၅-၂၀၀၇

ဖျာပုံ
၃ ဒသမ ၅၄ လက်မ

မြစ်ကြီးနား
၂ ဒသမ ၁၇ လက်မ

ဝ
၁ ဒသမ ၈၅ လက်မ

လယ်ဝေး
၁ ဒသမ ၆၉ လက်မ

ခွေးရောင်းရန်ရှိသည်

Imported မှ ပေါက်သော Golden Retriever သားပေါက်များ ရောင်းရန်ရှိသည်။

ဖုန်း-၅၁၂၀၃၃
ဖုန်း-၀၉-၅၁-၀၉၆၀၂။

Since 1986 **KMD** Computer Centre **Network Engineering**

လုပ်ငန်းခွင်တွင် Hardware & Network Technician တစ်ယောက်အဖြစ် အသက်မွေးဝမ်းကြောင်းပြုလိုသူများအတွက်

Duration (300) Hours

- ❖ Computer Hardware နှင့် Network Technology ပိုင်းဆိုင်ရာများကို စနစ်တကျသင်ကြားပေးပါမည်။
- ❖ Microsoft အသိအမှတ်ပြု MCP Examနှင့်MCPA Networking Exam ကိုဖြေဆိုနိုင်ရန် အထောက်အကူပြုမည့် သင်တန်း ဖြစ်ပါသည်။
- ❖ အပတ်စဉ် Technical Seminar များကိုထည့်သွင်းစီစဉ်ထားပါသည်။
- ❖ သင်တန်းပြီးဆုံးပါက KMDတွင် On-Job Trainingအဖြစ်ဝင်ရောက် လုပ်ကိုင်နိုင်ရန်အခွင့်အလမ်းရှိပါမည်။

သင်တန်းအပ် လက်ခံနေပါပြီ။

(ရုံးချုပ်) ၅၅၀-၅၅၂၊ ကုန်သည်လမ်းနှင့် ၁၆လမ်းထောင့်၊ ကျောက်တံတား။ ဖုန်း - ၂၄၉၁၅၅/၃၈၁၇၇၆/၃၈၁၁၂၉

ချမ်းမြသာစည်မြို့နယ် မဟာနန္ဒိသေနာရာမတိုက်သို့ ဆန်၊ ဆီ၊ အာလူးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

မန္တလေး မေ ၂၁

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း ဦးဆောင်၍ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၏ဇနီးများ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အသင်းဝင်များသည် မေ ၁၇ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ် မဟာနန္ဒိသေနာရာမတိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာနန္ဒိသေနာရာမတိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ **(ယာပုံ)**

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ဆရာတော်ကြီးအား ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့စည်ပင်သာယာရေးအဖွဲ့ ကမ်းနားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဧပြီ ၂၈ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့၌ အလေးချိန်ခွင် မှန်ကန်ရေး ဆောင်ရွက်

ဝိုင်းမော် ဧပြီ ၁၆

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ခတ်ချိုကျေးရွာနေ ပြည်သူများ စိတ်လက်ချမ်းသာစွာ ဈေးရောင်းဝယ်နိုင်စေရေးအတွက် ခတ်ချိုဈေးကြီးအတွင်းရှိ ဈေးသည်များ အလေးချိန်ခွင်မှန်ကန်စေရေး၊ တင်းတောင်းပြည့်မီ၍ မှန်ကန်စွာ ချိန်တွယ်ရောင်းဝယ်စေရန် ဧပြီ ၅ ရက်က အဖွဲ့ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ချို ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အသိပညာဗဟုသုတ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ဝိုင်းနှင့် သတင်းစာဖတ်ပြိုင်ပွဲကျင်းပ

သီပေါ မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ် ဆောင်ရွက်မှုဖြင့် ကျေးလက်နေ တိုင်းရင်းသားများ အသိပညာဗဟုသုတ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် စာဖတ်ဝိုင်းနှင့် သတင်းစာဖတ်ပြိုင်ပွဲကို မေ ၁၃ ရက် မွန်းလွဲ ၂ နာရီက ကုန်းသာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ထုတ်ဝေပြီးခဲ့သော မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများကိုပြိုင်ပွဲဝင် ကျေးလက်ပြည်သူ ၃၀ တို့အား ဝေငှပေး၍ မိနစ် ၂၀ခန့်ဖတ်ရှုစေကာ မေးခွန်းထုတ်ဖြေကြားပြီးနောက် ဆုရရှိသူများကို ဆုများချီးမြှင့်ရာ အဖြေမှန် ဖြေဆိုနိုင်သူ ပထမ နန်းယိမ်းဟွမ်၊ ဒုတိယ နန်းခမ်းကူ၊ တတိယ နန်းဆိုင်ဦးတို့အား ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလူ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြတို့က ဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၃၀၆)**

သုတအလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

သာစည် မေ ၂၀

သာစည်မြို့နယ် အိုင်ဒွန်းကျေးရွာအုပ်စု ပေါက်ချောင်းကျေးရွာ သုတအလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရေရှည်တည်တံ့ရေး

အခမ်းအနားတွင် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးငွေမောင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေမောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မင်းတပ်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကားလမ်းဖွင့်

မင်းတပ် မေ ၂၀

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့နယ်ရှိ မင်းတပ်–လိုမ္မဆန်–ဆာဒူး အောက်ချိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကားလမ်း(မင်းတပ်–လိုမ္မဆန်အပိုင်း ၁၀/၅ မိုင်)ဖွင့်ပွဲကို မေ ၁၀ရက် နံနက် ၁၀ နာရီက လိုမ္မဆန်ကျေးရွာ၌ ကျင်းပရာ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထန်းလိန်း၊ ရပ်မိရပ်ဖ ဦးလဲခွီရှိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ချို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြပြီး လမ်းဖောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထန်းလိန်းက လမ်းဖောက်လုပ်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များ၊ ပေါက်ပြား၊ ပေါက်ချွန်း၊ ဂေါ်ပြားစသည့် လုပ်ငန်းသုံး ပစ္စည်းများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါလမ်းကို ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၀သိန်းနှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၂၈ သိန်းကျော်တို့ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့သစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၁၂ရက်က မြို့မလမ်းနှင့် ဆေးရုံလမ်းကို အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့်အဖွဲ့ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

သပိတ်ကျင်း မြို့နယ် ကြာညှပ်ကျေးရွာ သီရိမင်္ဂလာဈေး မီးဘေး ကြိုတင်ကာကွယ် ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများစုပေါင်း၍ ဈေးမီးသတ်အုတ် ရေ ကန် သန့်ရှင်းရေး ပြုပြင်ခြင်း၊ ရေအသစ်လဲလှယ်ခြင်းနှင့် ဖြည့်တင်းခြင်းတို့ကို မေ ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော့ချိမျိုးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

သက်ကြီးစာမတတ်သူပပျောက်ရေး အသုံးလုံးသင်တန်းဖွင့် စာကြည့်တိုက်အဆောက်အအုံဆောက်ရန် မြေနေရာလှူဒါန်း

ကျောက်ပန်းတောင်း မေ ၂၀

ကျောက်ပန်းတောင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော သက်ကြီးစာမတတ်သူပပျောက်ရေး အသုံးလုံးသင်တန်းနှင့် ကျေးရွာစာဖတ်ဝိုင်းကို ဆည်ပေါက်ကျေးရွာအုပ်စု အင်ချောင်းရွာတွင် ဖွင့်လှစ်လျက်ရှိရာ မေ၉ရက် မွန်းလွဲ ၁နာရီက အဆိုပါသင်တန်းနှင့် စာဖတ်ဝိုင်းများသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းငြေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဖြိုးသွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်အကြူနှင့် လက်ထောက်ပညာရေးမှူးများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ လာရောက် ကြည့်ရှုအားပေးကြသည်။

လက်ခံယူ

ယင်းနောက် အင်ချောင်းကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် မြေနေရာကို ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားမှ ဆရာတော်ဦးကေသရက လှူဒါန်းထားပြီးဖြစ်ရာ အဆောက်အအုံဆောက်လုပ်ရန်အတွက် အင်ချောင်းကျေးရွာနေ ဦးမောင်ဇော်–ဒေါ်ပိုက် မိသားစုက မတည်ငွေ ကျပ်တစ်သောင်း၊ ဦးသစ်လွင်–ဒေါ်အကြူ(မြို့နယ်ပညာရေးမှူး)က စာအုပ်မျိုးစုံ ၁၃၅အုပ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်မျိုးစုံ ၁၀၀တို့ကို အလှူရှင်များ၏ကိုယ်စား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဖြိုးသွယ် ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၁၂၅)နေ မမိုမိုနှင့်သမီးများအဖွဲ့ (Y.S.L Beauty Saloon)က ကျောင်းအလှူငွေကျပ်တစ်သိန်းနှင့် ပညာရေးအလှူငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံယူ၍ ကျောင်းဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး ဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

မေတ္တာသွေးလှူရှင်များ၏ ဒါန

ရန်ကုန် မေ ၂၆

ဆေးရုံအသီးသီးပေါ်၌ သွေးလိုသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် အကြိမ်(၁၀၀)ပြည့် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမွှာရုံကြီး၌ မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဇွန် ၃ရက် နံနက် ၈နာရီခွဲတွင် စတင် ကျင်းပမည်ဖြစ်သည်။ မိမိတို့မေတ္တာသွေးစက်ဖြင့် ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မန္တလေးဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ဦးကုလား(၁၁)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်တိုင်း သာကေတမြို့နယ် အနောက်(၁)ရပ်ကွက် ထူပါရုံ(၉)လမ်း အမှတ်(၉၂၃)နေ ဒေါ်ခင်မေ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် မြန်အောင် အရှင်ကောသလ္လ B.A (မွှာစရိယ) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အသံမစဲ မဟာပဋ္ဌာန်းပူဇော်မှုအောင်ပွဲ မန်တုံ၌ ကျင်းပ

မန်တုံ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ်လုံးဆိုင်ရာ မဟာပဋ္ဌာန်းပူဇော်မှုအောင်ပွဲ ဓမ္မပူဇာသဘင် အခမ်းအနားကို မေ ၁ရက် နံနက်ပိုင်းက အောင်မင်္ဂလာ မြို့လယ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နမ္မတူ၊ နမ့်စန်နှင့် မန်တုံမြို့တို့မှ သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်ပြီး ဇယန်းကြီးဆရာတော် ဦးဝိစိတ္တရက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို ရွတ်ဖတ်ပူဇော်၍ ပဋ္ဌာန်းပွဲကို ရုပ်သိမ်းပေးသည်။

ထို့နောက် နမ့်စန်မြို့ဆရာတော် ဦးဥက္ကံသထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး မန်တုံမြို့ အောင်မင်္ဂလာ မြို့လယ်ကျောင်းတိုက် ဆရာတော် ဦးမာဃိန္ဒက ပဋ္ဌာန်းဒေသနာတော်နှင့် စပ်လျဉ်းသည့် တရားဟောကြားသည်။

ဆက်လက်၍ ဆွမ်းဒါနရှင်များနှင့် ပဋ္ဌာန်းပူဇော်ပွဲ အလှူရှင်များအား ကျင်းပရေး ကော်မတီက ဂုဏ်ပြုလွှာများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော် နှင်းပန်းလမ်း အမှတ်(၁၆/ဘီ)နေ ဒေါ်မြသစ်အောင်မိသားစုက မိဘများဖြစ်သော ဦးအောင်ကြီး-ဒေါ်စန်းတို့အားရည်စူး၍ ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားလေးချပ်အတွက် အလှူငွေကျပ် တစ်သိန်းကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အဓိုးရမ္မာစရိယ၊မဟာဂန္ထဝါစကပဏ္ဍိတ)ထံဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (က-ပ)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ယင်းမာပင်၌ကျင်းပ

ယင်းမာပင် မေ ၂၂

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၈နာရီက ချင်းတွင်းတံတားအနီး၌ ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စိုက်ပျိုးခဲ့

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့က သစ်ပင်များ စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သစ်ပင်စိုက်ပျိုးမှုကို တိုင်းမှူးနှင့် ဇနီးတို့က လှည့်လည် ကြည့်ရှုကြသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် သစ်ပင်မျိုးစုံ ၃၀၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အိမ်မဲမြို့ မြို့မဈေးကြီးအတွင်း (၆၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းခြင်း၊ ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူခြင်းတို့ကို မေ ၂၄ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးလွင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝင်ထမ်းများနှင့် ဈေးအကျိုးဆောင်များ စုပေါင်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြေစာရင်းဘာသာရပ် သင်တန်းဆင်းပွဲကျင်းပ

ပြင်ဦးလွင် မေ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြေစာရင်းဘာသာရပ် သင်တန်းဆင်းပွဲ(၂/၂၀၀၇)နှင့် အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ရက်က မြန်မာနိုင်ငံ မြေတိုင်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဗဟိုစာရင်းညွှန်ကြားရေးမှူး ဦးသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြေစာရင်းဘာသာရပ် ထူးချွန်ဆုပထမ ဦးမိုးကျော်တနင်္သာရီတိုင်း ထားဝယ်မြို့နယ်၊ ဒုတိယ မကွေးတိုင်း ထီးလင်းမြို့နယ်မှ ဦးမြင့်သိန်း၊ တတိယ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ ဦးကြည်ငြိမ်းအောင်တို့အား ထူးချွန်ဆုများပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။ **(၂၈၀)**

သာသနဓဇဓမ္မာစရိယဘွဲ့ရဆရာတော် ထပ်ဆင့်ဂုဏ်ပြု

ပလောက် မေ ၁၅

နိုင်ငံတော်က ကျင်းပခဲ့သည့် ဓမ္မာစရိယ စာမေးပွဲကို အောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည့် မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျ တောရကျောင်းတိုက် စာချအရှင်သူရိယအား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၈နာရီက ပလောက်မြို့ ဘုရားကြီး ကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်၍ ပုလောမြို့ မော်သာယာကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ပုလောမြို့ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမက ဩဝါဒကထာ မိန့်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးဌေးအောင်က သာသနာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အမှတ်(၁)ရပ်ကွက် ဥက္ကဋ္ဌ ဦးဆန်းဝင်းက သာသနဓဇဓမ္မာစရိယဘွဲ့ရ ရှင်သူရိယ၏ ထေရုပ္ပတ္တိအကျဉ်းကိုလည်းကောင်း ဖတ်ကြားလျှောက်ထားကြသည်။

ထို့နောက် အလှူရှင် ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏထံမှ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၁၃ ရက်
၂၈-၅-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသည့် အပ်ချုပ်စက်ရုံ-ကျောက်ဆည်အကြောင်း)
၁၁း၄၀ သုတစုံစွာသိမှတ်စရာ (လူတွေလပေါ်ကိုတစ်ကျော့ပြန်တက်ကြဖို့ကြံစည်နေကြသည့် အကြောင်း-သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ တေးသွားလုလုမဟာဂီတ
(၁) ပန်းတသင်းသင်း (ပတ်ပျိုး) (ခင်ညွန့်ရီ)
(၂) ဂန္ဓမာရိပ်သာ (ပတ်ပျိုး) (ကိုလေးမြင့်)
(၃) နန်းဘုံသီဟာသွေ (ယိုးဒယား) (ယဉ်ရူပါသိမ့်)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ကောက်စိုက်ရာလိုက်ခဲ့ပါ (အေဝမ်းတင်တင်လှ)
(၂) လယ်ထွန်ယောကျ်ား (ကိုမင်းနောင်)
(၃) ပျိုလေးတို့လယ်ဆင်းချိန် (မစိန်မြင့်လတ်)
၁၆း၃၀ ဆွေးနွေးခန်း (အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး)
၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇း၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရှေးဟောင်းသုတေသနဦးစီးဌာန အကြံပေးပုဂ္ဂိုလ် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့-အတွင်းရေးမှူး-ဒေါက်တာ ဦးဖေဉာဏ်နှင့် ဆွေးနွေးခန်း)
၁၈း၂၅ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာက စက္ကူလုပ်ငန်း)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင့်ချစ်ဆိပ်ရည် (နှင်းရည်သန့်)
(၂) စမ်းရေ (ကိုတင်ဝင်း)
(၃) သံယောဇဉ် (မဥ္ဇူသင်း)

မြို့နယ် သတင်းများ

မေ ၉ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်ရေးဆောင်ရွက်ထားမှုကို အမှုဆောင်အရာရှိ ဦးဇော်ဝင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းမင်းသန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဆင်း ရှေ့ဆောင်ရွက်မည့် လုပ်ငန်းများရှင်းလင်း

မြစ်ကြီးနား မေ ၂၃

မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ ကချင်ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း ဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာအခြေခံ သင်တန်း အမှတ်စဉ်(၃)သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၁ရက် နံနက် ၁၁ နာရီက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း သီရိခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးသိန်း၊ ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးမြကြိုင်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးညွန့်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသူ၊ သင်တန်းသားများအား ဆုချီးမြှင့်ပေးအပ်ပြီး သင်တန်းနည်းပြ ဆရာ၊ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဂျွန်လရိန်က သင်တန်းကာလအတွင်း အားနည်းချက်၊ အာသာချက်များ ခြုံငုံသုံးသပ်တင်ပြပြီး ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

အခြေခံကြံ့ခိုင်ရေးသင်တန်းဆင်းပွဲ မြဝတီ၌ ကျင်းပ

မြဝတီ မေ ၂၀

ကရင်ပြည်နယ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဒေသအဆင့် အခြေခံကြံ့ခိုင်ရေး သင်တန်းဆင်းပွဲကို မေ၇ရက် နံနက် ၇နာရီက မြဝတီမြို့ အမှတ်(၁)ရပ်ကွက် အမှတ်(၂) အခြေခံ ပညာမူလတန်းကျောင်း ခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသားများ တက်ရောက် ကြသည်။

ပေးအပ်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက သင်တန်းဆင်းအမှာ စကားပြောကြားပြီး သင်တန်းတွင် ဘာသာရပ်များ ပို့ချပေး သော ဌာနဆိုင်ရာတာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ များနှင့် သင်တန်းသားများအား သင်တန်းထူးချွန်ဆုနှင့်သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ယာပုံ) (ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်း ဧပြီ ၂၃ရက်က မော်လမြိုင်ကျွန်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် အတွင်း ပျိုးထောင်စိုက်ပျိုးထားသော အရိပ်ရပင်နှင့် ပန်း အလှပင်များကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးကရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး

ကျောင်းကုန်း မေ ၂၂

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက်ရှိ ဘဝပန်းတိုင် ကိုယ့်အားကိုယ်ကိုး ကိုယ်ပိုင်စာကြည့်တိုက် ရေရှည်တည်တံ့ရေး အတွက် မေ ၁၄ရက် မွန်းလွဲ ၂နာရီက ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရွှေ ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များ၊ စာကြည့်ခန်းမှူးများ ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေး သည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းကျော်နှင့် ဝန်ထမ်းများ၊ စာကြည့်တိုက်ကြီးကြပ်ရေး ကော်မတီ ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံ

အလားတူ ကျုံပျော်မြို့နယ် ပျဉ်ချဆိပ်ကျေးရွာ မြတ်မင်္ဂလာစာကြည့်တိုက် တွင် မေ၁၃ရက် မွန်းလွဲ၁နာရီက စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံပွဲကိုကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းနှင့်ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မေ ၁၅ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးအုန်းသွင် ဘူးသီးတောင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ရေကန်ဖြင့် ရေသုံးစွဲမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးမင်းမင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာတံခွန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် အလှူငွေ၊စာအုပ်နှင့်ရေဒီယိုများပေးအပ်လှူဒါန်း

မိုးညှင်း မေ ၁၈

မိုးညှင်းမြို့နယ်ညောင်ကိုင်း ကျေးရွာအုပ်စု သာယာကုန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်း အနားကို ဧပြီ ၂၉ရက် နံနက် **၈နာရီကအဆိုပါကျေးရွာစာကြည့်** တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာမိုးညှင်းမြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်ကအမှာစကား ပြောကြားသည်။

ဆက်လက်၍ သာယာ ကုန်းကျေးရွာ ကိုယ့်အားကိုယ် ကိုးပညာတံခွန်စာကြည့်တိုက် သို့ အလှူငွေနှင့် စာအုပ်များ ပေးအပ် လှူဒါန်းကြရာ မြို့နယ် ဥက္ကဋ္ဌက ငွေကျပ်ငါးထောင်၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူး ရဲဆွေနှင့် ဇနီး ဒေါ်တင်တင်ခိုင် မိသားစုက လစဉ် လှူဒါန်းငွေ ကျပ်ငါးထောင်နှင့် စာအုပ်မျိုးစုံ အုပ်၅၀၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာနမှ စာအုပ်မျိုးစုံအုပ်၁၀၀၊ မြို့နယ် စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌ ဦးမျိုးအောင်-ဇနီး ဒေါ်မြညွန့် မိသားစုတို့က စာပေဗိမာန်ထုတ် စာအုပ်၁၀ အုပ် အပါအဝင် အလှူရှင် ၁၆ ဦးတို့က အလှူငွေ ကျပ် ၃၀၀၀၀နှင့် စာအုပ်၂၅၀၊ ရေဒီယိုတစ်လုံးနှင့် တိုင်ကပ် နာရီ တစ်လုံးတို့ကို ပေးအပ် လှူဒါန်းကြသည်။

ထို့နောက် သာယာကုန်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ့်အားကိုယ်ကိုး တည် ဆောက်ခဲ့သည့် အလျားပေ ၃၀၊ အနံပေ၂၀ အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူး ရဲဆွေနှင့် မြို့နယ် ဦးစီးမှူး ဦးမာန်ဝိုင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆောင်းပါးဖတ်ပွဲ ညောင်ရွှေ၌ ကျင်းပ

ညောင်ရွှေ မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင် ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ စာဖတ်ပွဲကို မေ ၅ရက် ညနေ ၃နာရီက ဦးစီးဌာန ရုပ်/သံ ခန်းမတွင် ကျင်းပသည်။

ဖတ်ကြား

အဆိုပါစာဖတ်ပွဲတွင် မေ၃ရက် ထုတ် ကြေးမုံသတင်းစာမှ ဇေယျာမျိုး ထက် ရေးသားသည့် ပြင်းပြသည့်ဆန္ဒ နှင့် တူညီသည့်စေတနာ ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်ပြည့်ဖြိုးသန့်က ဖတ်ကြားပြီး ဧပြီ ၂၂ရက်ထုတ် မြန်မာ့ အလင်းသတင်းစာမှထက်ခေါင်ရေးသား သည့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မ တော်တို့ ပူးပေါင်းစွမ်းဆောင်မှု အောင်ပွဲ (သို့)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လှုပ်ရှားမှု အသီးအပွင့်များ ဆောင်းပါး ကို ရုပ်/သံကျွမ်းကျင်-၃ ဦးနေမျိုးသူ ရိန်က ဖတ်ကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိမ်တွင်းမှုသင်တန်းဆင်းပွဲ ပူတာအို၌ကျင်းပ

ပူတာအို ဧပြီ ၂၅

ပူတာအိုမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၆)နှင့် သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၀ရက် နံနက်က အဆိုပါ သင်တန်းကျောင်း၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမြအေးက သင်တန်း ဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံစက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရ မအင်ဖြိနန်ဆား၏ အား ခရိုင်ဥက္ကဋ္ဌက လည်းကောင်း၊ သိုးမွေးစက်ဆွဲသင်တန်းတွင် ထူးချွန်ဆုရ မနန်ရွယ်အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးကလည်းကောင်း ဆုချီးမြှင့် ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက သင်တန်းဆင်းလက်မှတ်ကို ပေးအပ် သည်။

(ခရိုင် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် စည် ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေး အတွက် အမှုဆောင်အရာရှိ ဦးသက်ထွန်း ကြီးကြပ်မှု ဖြင့် ဓာတ်တိုက် လေ့ကျင့်မှု ကို ဧပြီ ၂၅ရက်က ဦးစီး အရာရှိ ဒေါ်မျိုးမျိုးသန်းနှင့် အဖွဲ့ ဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ စုပေါင်း လေ့ကျင့်စဉ်။

(မြို့နယ်စည်ပင်)

မေ ၂၆ ရက်က (၅၉)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု အကျိုးရှိရှိအသုံးချ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး ပိုမိုတိုးတက်အောင်ကြိုးပမ်း ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးထိရောက်အောင် ဝိုင်းဝန်းပူးပေါင်းဖော်ဆောင်

နေပြည်တော် မေ ၂၆

မကွေးတိုင်း ပခုက္ကူမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၃ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပခုက္ကူတပ်နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကာ ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများသည် တပ်နယ်မိသားစုဝင်များအား ခြစည်းရိုးကြက်ဆူမျိုးစေ့များ ပေးအပ်ပြီး ခြစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးထောင်ပေးကာ ကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ တပ်နယ်မိသားစုဝင်များ ခြစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။ အဆိုပါ တပ်နယ်မိသားစုဝင်များ၏ ခြစည်းရိုး ကြက်ဆူစိုက်ပျိုးပွဲတွင် ခြစည်းရိုး ကြက်ဆူပျိုးပင်ငါးထောင်အပင်ပေါင်း ၆၀၀၀ စိုက်ပျိုးကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေနတ်တောင် စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့နယ် မန်ကျည်းသုံးပင် ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မိုးလေဝသအခြေအနေ ၂၇-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

NLD ပါတီသည် ပြည်ပကို မှီခိုအားထားလွန်းနေပြီး နိုင်ငံနှင့်လူမျိုးဒုက္ခရောက်အောင် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်နေသည်ကို ပါတီခေါင်းဆောင်များက ဝမ်းသာအားရဖြစ်နေ လူငယ်များကို ဘုရားများပေါ်တွင် ဆုတောင်းပွဲများကျင်းပစေခြင်းဖြင့် ခုတုံးလုပ်အသုံးချ နိုင်ငံအတွက်အကျိုးပြုမှုမရှိသဖြင့် လှည်းကူးမြို့နယ်မှ ပါတီဝင်တစ်ဦးနုတ်ထွက်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ဦးနီတွတ်သည် မေ ၂၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

လှည်းကူးမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော ဦးနီတွတ်၏ နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ဆောင်ချက်များသည် ပြည်ပကို အထူးပင်မှီခိုအားထားလွန်းပြီး နိုင်ငံနှင့်လူမျိုးဒုက္ခရောက်အောင် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်နေသည်ကို NLD ပါတီခေါင်းဆောင်များက လွန်စွာနှစ်ထောင်းအားရဝမ်းသာနေမှုကြောင့် ၎င်းအနေဖြင့် လွန်စွာစိတ်ပျက်မိကြောင်း၊ ထို့အပြင် မသိနားမလည်သော လူငယ်များကို နိုင်ငံရေးအရောင်အသွေး ရောယှက်စေကာ ဘုရားများပေါ်တွင် ဆုတောင်းပွဲများကျင်းပစေခြင်းမှာလည်း လူငယ်များကို ခုတုံးလုပ် အသုံးချနေခြင်းသာဖြစ်သဖြင့် စိတ်မကောင်းဖြစ်မိကြောင်း၊ နိုင်ငံတော်အား မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူများ စားဝတ်နေရေးဒုက္ခရောက်အောင်တို့ကိုသာ ရှေးရှုလုပ်ဆောင်နေပြီး နိုင်ငံအတွက်အကျိုးပြုမှု တစ်စုံတစ်ရာလုပ်ကိုင်ဆောင်ရွက်မှု မရှိသည်ကို ၎င်းကိုယ်တိုင် သိမြင်လာမှုကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များကို ယုံကြည်မှုမရှိတော့သဖြင့် ၎င်း၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**